BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၄ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ(၁) | အမှတ် (၃၃)

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ရခိုင်ပြည်နယ်စည်းရုံးရေးခရီးကြမ်းပြီးဆုံး အအောင်မြင်ဆုံးခရီးစဉ်အဖြစ် အဲန်အယ်လ်ဒီမှ ထုတ်ဖော်ပြောဆို



အဆိုးရွားဆုံး နှောင့်ယှက်ဟန့်တားမှုများနှင့် ခရီးစဉ် အစအဆုံးတိုင် ရင်ဆိုင်တွေ့ကြုံခဲ့ရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များ၏ (၉)ရက်ကြာ ရခိုင်ပြည်နယ်ခရီးစဉ်သည် ဒီဇင်ဘာလ(၂၄)ရက် အင်္ဂါနေ့တွင် အအောင်မြင်ဆုံးခရီးစဉ်အဖြစ် ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

အဆိုပါ ခရီးစဉ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်နှင့် မြို့နယ်အဖွဲ့ချုပ်ရုံးခွဲ (၄)ခုကို အာဏာပိုင်များက ဆိုးဆိုးရွားရွား ဟန့်တားနှောင့်ယှက်နေသည့်ကြားမှ အောင်မြင်စွာ ဆိုင်းဘုတ်တင်ဖွင့်လှစ်နိုင်ခဲ့ပြီး ခရီးစဉ်တလျှောက်တွင် အာဏာပိုင်များ၏ ပိတ်ပင်တားဆီးမှုများကို ပြည်သူလူထုက လွန်ဆန်၍ သောင်းသောင်းဖြဖြ အားပေးထောက်ခံခဲ့ကြသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ကြုံခဲ့ရကြောင်း သိရှိရသည်။

ယခုခရီးစဉ်သည် လမ်းပမ်းဆက်သွယ်ရေး အကြမ်းတမ်းဆုံးခရီးအဖြစ်သာမက သက်ဆိုင်ရာအာဏာပိုင်များ၏ နည်းမျိုးစုံဟန့်တားနှောင့်ယှက်မှုကို ဆိုးဆိုးရွားရွား တွေ့ကြုံခဲ့ရသည်ဟု အဲန်အယ်လ်ဒီပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောဆိုလိုက်ပြီး ခရီးစဉ်အတွင်း အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ပြည်သူလူထုနှင့် ချောမွေ့စွာ မတွေ့ဆုံနိုင်စေရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်၍ လမ်းများ၊ တံတားများကို ပိတ်ပင်ထားခြင်း၊ မြို့များအတွင်း မဝင်ရောက်နိုင်ရန် မော်တော်ယာဉ်မှအစ လှေ၊ သမ္ဗာန်များပါမကျန် ကြိုတင်ပိတ်ပင်တားဆီးထားခြင်း၊ ယာဉ်အသွားအလာ ခက်ခဲစေရန်အတွက် လမ်းများ ပေါ်တွင် မြေကျင်းကြီးများ တူးထားသည့်အပြင် မြေကြီးများ စုပုံထားခြင်း၊ ကုန်တင်မော်တော်ယာဉ် (၁၀)တန်ကားကြီးများဖြင့် ပိတ်ဆို့ရပ်ထားခြင်း၊ သံဆူးကြိုးများချ၍ တားဆီးခြင်း စသည့်နည်းမျိုးစုံကို ရဲ၊ မီးသတ်နှင့် ကြံ့ဖွံ့အဖွဲ့ဝင်များကို အသုံးချ၍ ပြုလုပ်ခဲ့သည်။

ထို့ပြင် ပြည်သူလူထုအား ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို သွားရောက်တွေ့ဆုံမှု မပြုရန် ခြိမ်းခြောက်တားဆီးမှုများ ပြုလုပ်ခဲ့ပြီး၊ ဘုရားကျောင်းကန်များတွင်လည်း ဆရာတော်အရှင်သူမြတ်များမှအစ ဂေါပကလူကြီးများအထိ ဒေါ်အောင်ဆန်းစုကြည်ကို လက်ခံတွေ့ဆုံခြင်းမပြုရန် အမိန့်ပေးထားခဲ့သည်။ ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်အတွင်းရှိ တန်ခိုးကြီးဘုရားပုထိုး စေတီများကိုလည်း ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ သွားရောက်ဖူးမျှော်ခြင်း မပြုနိုင်ရန် လမ်းများ၊ မြို့များ ပိတ်ထားခဲ့သည်ဟု အဲန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိသူ ဦးလွင်၏အဆိုအရ သိရသည်။

သို့ရာတွင် ထိုသို့တင်းကြပ်စွာ ပိတ်ပင်တားမြစ်မှုများကြားမှ ပြည်သူလူထုကြီးက ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို လှိုက်လှိုက်လှဲလှဲ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြရာ မြောက်ဦးမြို့တွင် လူထုပရိသတ် ငါးသောင်းကျော် ခြောက်သောင်းခန့် ရှိခဲ့ပြီး ရခိုင်ပြည်နယ် မြို့နယ်အားလုံးလိုလိုတွင် ထောင်ပေါင်းများစွာရှိခဲ့ကြောင်း သိရသည်။

ထိုသို့ရောက်ရှိလာခဲ့ကြသည့် ပြည်သူလူထုများနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဟောပြောမှုများ ပြုလုပ်နေချိန်တွင်လည်း သက်ဆိုင်ရာအာဏာပိုင်များ၏ ညွှန်ကြားမှုဖြင့် ရဲများက နံပါတ်တုတ်ဖြင့် ရိုက်နှက်ပြီး လူစုခွဲရန် ကြိုးစားခြင်း၊ မီးသတ်တပ်ဖွဲ့များက ရေပိုက်များဖြင့်ထိုး၍ လူထုကို ဖြိုခွဲရန် ကြံစည်ခြင်း၊ ဟောပြောပွဲအတွင်းသို့ ကားဖြင့် တရကြမ်းမောင်းဝင်ခဲ့ခြင်း၊ သံပုံးများ တီး၍လည်းကောင်း၊ အသံချဲ့စက်များ ဖွင့်ခြင်းဖြင့်လည်းကောင်း ဆူညံသံများ ပြုလုပ်ကာ နှောင့်ယှက်ခြင်းစသည့် ဟန့်တားမှုဖျက်ဆီးမှုများပြုလုပ်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များက လူထုရှေ့မှ ရပ်တည်ပြီး ရင်ဆိုင်ဖြေရှင်းခဲ့ကြရသည်။

ရခိုင်ပြည်နယ်ခရီးစဉ်အပြီး ရေဝတီဘက်မှလှည့်၍ ရန်ကုန်သို့အပြန်ခရီးတွင်လည်း ကြိုတင်တားဆီးပိတ်ပင်မှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့သော် ထောင်ပေါင်းများစွာသော ပြည်သူလူထုကြီးက ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ရခိုင် လူထုကဲ့သို့ပင် တားဆီးမှုများကို လွန်ဆန်၍ လှိုက်လှိုက်လှဲလှဲ ထောက်ခံအားပေးခဲ့ကြောင်း သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းရုံးရေးခရီးစဉ်ကို ဒီဇင်ဘာလ (၂၄)ရက် အင်္ဂါနေ့ညပိုင်းတွင် အောင်မြင်စွာ အဆုံးသတ်ခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ယခုခရီးစဉ်ကို အထူးပင် ကျေနပ်အားရမှုရှိပြီး စည်းရုံးရေးခရီးစဉ်များအနက် ယခုခရီးစဉ်သည် အောင်မြင်မှုအရဆုံး ခရီးစဉ်ဖြစ်ကြောင်း အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးလွင်က အသံလွှင့်ဌာနတခုနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ထုတ်ဖော်ပြောကြားသွားခဲ့ကြောင်း သတင်းရရှိသည်။

ခရီးစဉ်စဆုံးသတင်းကို နောက်ကျောဖုံးတွင်ဖော်ပြထားသည်







## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အထက်ဗမာပြည်) တိုးချဲ့ဖွဲ့စည်းတော့မည်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အထက်ဗမာပြည်)ကို မကြာမီကာလအတွင်း အဖွဲ့ဝင်သစ်များ တိုးချဲ့ခြင်း၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းတို့ဖြင့် အင်အားဖြည့်ဆည်းသွားရန် စီစဉ်ထားကြောင်း မန္တလေးတိုင်း အဲန်အယ်လ်ဒီ သတင်းများအရ သိရသည်။

ထိုသို့တိုးချဲ့ဖွဲ့စည်းရာတွင် ဗဟိုကချမှတ်သည့်မူအရ အဖွဲ့ဝင်သစ်များ လက်ခံနိုင်ရန် အဆိုပြုလွှာပုံစံ (၄၀၀၀)ကို မှာယူထားပြီး လျှောက်လွှာပုံစံများ ရောက်ရှိလာပါက မန္တလေးတိုင်းရှိ မြို့နယ်များတွင် ဖြန့်ဝေ၍ အဖွဲ့ဝင်သစ်လက်ခံနိုင်ရေးကို ပြုလုပ်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း မန္တလေးတိုင်း အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဦးဘိုစံ၏ အဆိုအရ သိရှိရသည်။

လက်ရှိနိုင်ငံရေးအခြေအနေအရ အဲန်အယ်လ်ဒီပါတီဝင်အသစ် လျှောက်ထားရေးနှင့် ပတ်သက်၍ လူငယ်များ၏ အခြေအနေကို ၎င်းကပြောကြားခဲ့ရာတွင် မန္တလေးတိုင်းအတွင်းရှိ တက္ကသိုလ်ကျောင်းသားများအပါအဝင် လူငယ်များမှာ အာဏာပိုင်များ၏ ဟန့်တားမှုများကြားမှ အဲန်အယ်လ်ဒီအပေါ် ဝိုင်းရံမှု အားကောင်းကြောင်း၊ နိုင်ငံရေးအတွက် လှုပ်ရှားနိုင်ရန် ပါတီလိုင်းတခုကသာ ထွက်ပေါက်ရှိခြင်းကြောင့် ပါတီဝင်ရန် စိတ်ဝင်စားမှုရှိကြကြောင်း သံလွှင့်ဌာနတခုနှင့် မေးမြန်းခန်းတွင် ၎င်းက ပြောကြားသွားခဲ့သည်။ ထို့ပြင် အခြားအဲန်အယ်လ်ဒီအဖွဲ့ဝင်တဦးကလည်း မျိုးဆက်သစ်လူငယ်များအနေဖြင့် ယနေ့ ခံစားတွေ့ကြုံနေရသည့် စီးပွားရေး၊ ပညာရေး၊ လူမှုရေးပြဿနာများကြောင့် နိုင်ငံရေးအသိနိမ့်ကျနေရသည့်အခြေအနေနှင့် ရင်ဆိုင်နေကြရသည့်အတွက် နိုင်ငံရေးမျိုးဆက်မပြတ်ရန် အဲန်အယ်လ်ဒီရုံးများတွင် စာဖတ်ဝိုင်းများ၊ ဟောပြောပွဲများနှင့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်ပေါ်လာရန် အားထုတ်ကြိုးပမ်းနေကြောင်း သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(အထက်ဗမာပြည်)သည် လာမည့်နှစ်အတွင်း ဗဟိုက ချမှတ်ထားသောမူများအရ လူငယ်လုပ်ငန်းအဖွဲ့ ပြန်လည်ဖွဲ့စည်းရေးနှင့် အမျိုးသမီးလုပ်ငန်းအဖွဲ့များ ပြန်လည်ဖွဲ့စည်းရေးတို့အတွက် ပြင်ဆင်နေကြောင်း သိရပြီး မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းတို့တွင် ဦးစွာ ဖွဲ့စည်းသွားမည်ဟု သိရသည်။

သတင်းများအရ မန္တလေးတိုင်းရှိ မြို့နယ် (၃၀)တွင် (၁၁)မြို့နယ်သာ ဆိုင်းဘုတ်တင်ခွင့်ရထားသေးကြောင်း သိရသည်။

❖ ❖ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# သင်္ကြန်ရာဇ် ၂၀၀၃ ခုနှစ်၏ သမိုင်းပေးတာဝန်

နေအိမ်အကျဉ်းချခံနေရရာမှ ၂၀၀၂ ခုနှစ်၊ မေလ(၆)ရက်နေ့ ပြန်လွတ်လာပြီး နောက်ပိုင်း ပြုလုပ်ခဲ့သော စည်းရုံးရေးခရီးစဉ်များအနက် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက်နေ့မှ (၂၄)ရက်အထိ (၉)ရက်ကြာ ရခိုင်ပြည်နယ်စည်းရုံးရေးခရီးစဉ်သည် အအောင်မြင်ဆုံးဟု သတ်မှတ်ရမည်ဖြစ်ပါသည်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုဥက္ကဋ္ဌ ဦးတင်ဦးတို့ခေါင်းဆောင်သောအဖွဲ့သည် မင်းဘူး၊ အမ်း၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ကံမ၊ တောင်ကုတ်၊ သံတွဲ၊ ပေလီ၊ ဂွ၊ ကျုံပျော်နှင့် ဓနုဖြူမြို့များတွင် ဒီမိုကရေစီရေးလှုပ်ရှားမှုများကို ပြုလုပ်ခဲ့ကြရာ အာဏာပိုင်များ၏ အမျိုးမျိုးသော အနှောင့်အယှက်ပေးမှုများအကြားမှပင် ပြည်သူလူထုထောင်ပေါင်းများစွာက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုအားပေးခဲ့ကြသည်ကို တွေ့ရသည်။ ဤအချက်သည် မြန်မာပြည်သူများ၏ ဒီမိုကရေစီရေးအတွက် မည်မျှ စိတ်အားထက်သန်နေသည်ကို ညွှန်ပြနေသည့် အညွှန်းကိန်းလည်းဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေးခရီးစဉ်တွင် အာဏာပိုင်များက နည်းမျိုးစုံဖြင့် နှောင့်ယှက်ခဲ့ကြသည်။ တချို့မြို့များတွင် မြို့တွင်း ဝင်ခွင့်မပေးခြင်း၊ ဘုရားဖူးခွင့်နှင့် ဆရာတော်ကြီးများအား ဖူးမျှော်ကြည်ညိုခွင့်များ ပိတ်ပင်ခြင်း၊ မော်တော်ကား၊ လှေ၊ သမ္ဗာန်များ မြို့တွင်းမဝင်ရန် ကြိုတင်တားဆီးခြင်း၊ ရဲ၊ မီးသတ်နှင့် ကြံ့ဖွံ့အဖွဲ့ဝင်များက အမျိုးမျိုးနှောင့်ယှက်ခြင်း၊ ဒေါ်စု၏ ကားမရပ်နိုင်ရန် ကျင်းတူးခြင်းနှင့်၊ လမ်းပေါ်တွင် မြေကြီးများ စုပုံထားခြင်း စသည့် နည်းမျိုးစုံဖြင့် အနှောင့်အယှက်ပေးခြင်းများ ပြုလုပ်သည်ကို တွေ့ရသည်။

အထက်ပါ အာဏာပိုင်တို့၏လုပ်ရပ်များသည် ကိုလိုနီစနစ်အောက်မှ အမျိုးသား လွတ်မြောက်ရေးကြိုးပမ်းမှုများအား ဗြိတိသျှနယ်ချဲ့တို့၏ ဖိနှိပ်မှုနှင့်အတူတူပင်ဖြစ်၏။ ငြိမ်းချမ်းရေးဖခင်ကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ရောဝတီတိုင်းအတွင်း စည်းရုံးရေးထွက်စဉ် နယ်ချဲ့အလိုတော်ရိတို့၏ ရိုက်နှက်ခြင်းကို ခံခဲ့ရဖူးသည့် သာဓကရှိခဲ့ဖူးသည်။ သို့ပါ၍ ယခုကဲ့သို့ အာဏာပိုင်တို့၏ လုပ်ရပ်များသည် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်ရေးလုပ်ရပ်များကို အတုယူလုပ်ကိုင်နေခြင်းဖြစ်သည်ကို တွေ့မြင်ရသည်။

၁၉၈၉ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် တပြည်လုံးအတိုင်းအတာဖြင့် စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့စဉ်ကလည်း ဒေါ်အောင်ဆန်းစုကြည်အား သေနတ်ဖြင့် ချိန်သည်အထိ အမျိုးမျိုးနှောင့်ယှက်ခဲ့သည်။ (၁၃)နှစ်ကျော် ယခုကာလ၌ နအဖ၏ ၆–၅–၂၀၀၂ နေ့စွဲဖြင့် ထုတ်ပြန်သော ကြေညာချက်တွင် "ယခုအခါ နိုင်ငံတော်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားတိုင်းသည် အထက်ပါလုပ်ငန်းတွင် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်"ဟု ဖော်ပြထားသည်။ ဤဖော်ပြချက်ကို ဆန့်ကျင်လျက် ဒေါ်အောင်ဆန်းစုကြည်အား လာရောက်ကြိုဆိုအားပေးကြသော ပြည်သူလူထုအပေါင်းအား တားဆီးနှောင့်ယှက် ဖိနှိပ်ခြင်းသည် နအဖ၏ အပြောနှင့်အလုပ် မညီညွတ်သောလုပ်ရပ်ကို ဖော်ပြရာရောက်ပေသည်။

၂၀၀၂ ခုနှစ်ကား ကုန်ဆုံးတော့မည်ဖြစ်သည်။ သို့သော် အမျိုးသား ပြန်လည်သင့်မြတ်ရေးကား အလှမ်းဝေးလျက် ရှိပေသေးသည်။ လက်ခုပ်သည် လက်တဘက်တည်း တီး၍ မရသကဲ့သို့၊ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းကို ဒီမိုကရေစီအင်အားစုများမှ တဘက်သတ်လုပ်ဆောင်လို၍ မည်သို့မျှ အကောင်အထည်မပေါ်နိုင်ပေ။ ကြက်ဥသည် လိုအပ်သော အပူချိန်၌သာ အကောင်ပေါက်နိုင်သကဲ့သို့ နအဖစစ်အစိုးရအား တွေ့ဆုံဆွေးနွေးရေးစားပွဲပေါ်သို့ ရောက်လာစေရန် လိုအပ်သော ဖိအားများကို ပြည်တွင်းပြည်ပမှ ဝိုင်းဝန်းဖိအားပေးကြပါရန် သင်္ကြန်ရာဇ် ၂၀၀၃ ခုနှစ်က ပြည်သူလူထုအား သမိုင်းပေးတာဝန်အဖြစ် တောင်းဆိုလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**တွေ့ဆုံဆွေးနွေးမှု အမြန်ပေါ်ပေါက်ရေး**
**ပြည်သူတရပ်လုံးမှ ဝိုင်းဝန်းဖိအားပေး**

# ဒီနေ့ခေတ် ကမ္ဘာကို အုပ်စိုးသူများ (၂)

**ဒီဆောင်းပါးဟာ အရင်က ဘီဘီစီမှာ သတင်းထောက်လုပ်ခဲ့သူ John Pilger ရေးပြီး သူစီစဉ်ထုတ်လုပ်တဲ့ "The New Rulers of the World"ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ရဲ့ စာသားများကို စာအုပ်အဖြစ် ထုတ်ဝေထားတဲ့အထဲကဖြစ်ပါတယ်။**

**စာရေးသူ**



၁၉၉၀ ခုနှစ်များအတွင်းမှာ ကမ္ဘာ့စီးပွားရေးထုတ်လုပ်မှုဟာ တနှစ်မှာ (၂.၄) ရာခိုင်နှုန်း တိုးလာပြီး ကုန်သွယ်ရေးကတော့ (၂)ဆကျော် တိုးပွားလာခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးဟာ ရှေ့လာမယ့် ဆယ်နှစ်လောက်အတွင်း ဒီအချိုးအတိုင်း သွားအုံးမယ်လို့ ယူဆရပြီး ကုန်သွယ်ရေးကတော့ ထုတ်လုပ်မှုရဲ့ နှစ်ဆမကတဲ့ (၆.၈)ရာခိုင်နှုန်းလောက် တိုးပွားနေလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

ဒီလို နယ်ခြားတွေကို ကျော်လွန်ပြီး ကုန်သွယ်မှု တိုးပွားလာတာဟာ 'ဂတ်' (GATT)ခေါ် အခွန်နှင့်ကုန်သွယ်ရေး အထွေထွေ သဘောတူညီချက်အဖွဲ့ကြီးရဲ့ နိုင်ငံတကာ ပေါ်လစီတွေကို ထိန်းညှိပေးမှုကြောင့် ဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ ၁၉၄၈ ခုနှစ်ကစပြီး ကမ္ဘာ့ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းတွေကို ဆုံးဖြတ်လာခဲ့တာဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်မှာ ပြီးဆုံးခဲ့တဲ့ ဥရုဂွေးနိုင်ငံ အစည်းအဝေးဟာ "လွတ်လပ်တဲ့ကုန်သွယ်မှု"အတွက် အတားအဆီးအမြောက်အမြားကို ဖယ်ရှားပေးခဲ့ပါတယ်။ အကျိုးဆက်ကတော့ (၆)နှစ်ဆိုတဲ့ ကာလအတွင်း ကမ္ဘာ့ကုန်သွယ်မှုဟာ (၅၀) ရာခိုင်နှုန်း တိုးတက်လာတာပါပဲ။

ကုန်သွယ်မှု ကမ္ဘာလွှမ်းခြုံမှုလက္ခဏာဆောင်လာတာဟာ ကမ္ဘာ့အစိုးရတွေက ချမှတ်တဲ့ ကုန်သွယ်ရေး စည်းကမ်းတွေကြောင့် သက်သက်မဟုတ်ပါဘူး။ ပိုမိုလက်တွေ့ကျတဲ့ အချက်နှစ်ချက်ကြောင့်လည်း ဖြစ်ပါတယ်။ အဲဒါတွေက ကုန်ပစ္စည်းမှာယူတဲ့ အော်ဒါတွေကို ကမ္ဘာအနှံ့ စက္ကန့်ပိုင်းအတွင်း ပို့ပေးတဲ့ ဆက်သွယ်ရေးနည်းပညာနဲ့ ဒီအော်ဒါတွေကို အကောင်အထည်ဖော်ရာမှာ စရိတ်စက အလွန် သက်သာစေတဲ့ သယ်ယူပို့ဆောင်မှု ဈေးပေါလာခြင်းတို့ကြောင့် ဖြစ်ပါတယ်။

လွန်ခဲ့တဲ့အနှစ်(၂၀)အတွင်း ရေကြောင်းသယ်ယူပို့ဆောင်မှုစရိတ်ဟာ (၇၀)ရာခိုင်နှုန်း ကျဆင်းသွားပြီး လေကြောင်းသယ်ယူ ပို့ဆောင်မှု စရိတ်တွေကတော့ တနှစ်ကို (၃–၄)ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

### ကမ္ဘာ့ထုတ်လုပ်မှု

ထုတ်လုပ်မှု ကမ္ဘာ့လွှမ်းမိုးရေး လက္ခဏာဆောင်လာတာရဲ့ နောက်ကွယ်မှာလည်း အထက်က အကြောင်းတွေပဲ ရှိနေပါတယ်။

ဗြဲ

နိုင်ငံစုံကော်ပိုရေးရှင်း (Multinational Corporation)တွေဟာ အရင်က စက်ကိရိယာတွေကို ကိုင်တွယ်ကြတဲ့ ကျွမ်းကျင်သူ အလုပ်သမားတွေရဲ့နေရာမှာ အဆင့်ရေချိန်အမျိုးမျိုး ရှိတဲ့ အော်တိုမက်တစ်(ခေါ်)အလိုအလျောက် လုပ်ကိုင်မှုတွေနဲ့ အစားထိုးပြီး ကမ္ဘာတဝှမ်းက နိုင်ငံတိုင်းမှာ စက်ရုံတွေ တည်ဆောက်လို့ ရနေပါပြီ။ ဒီမှာလည်း ပိုမိုစရိတ်သက်သာတဲ့ သယ်ယူပို့ဆောင်မှုနဲ့ တမဟုတ်ချင်း ဆက်သွယ်နိုင်မှုတို့ဟာ ကုမ္ပဏီတွေကို ကမ္ဘာပေါ်ရှိ မတူတဲ့နေရာတွေက လုပ်ငန်းတွေကို တပြိုင်တည်း ထိန်းညှိလုပ်ကိုင်လို့ ရစေပါတယ်။ တကယ်ကျတော့ ကမ္ဘာ့ကုန်သွယ်မှုရဲ့ သုံးပုံတပုံဟာ ကုန်သွယ်မှု လုံးဝမဟုတ်ပါဘူး။ နိုင်ငံစုံကော်ပိုရေးရှင်းတွေက မိမိတို့ရဲ့ ကုန်တွေကို တနေရာကနေ တနေရာ ပို့ဆောင်နေကြတာသာ ဖြစ်ပါတယ်။

အမေရိကန် မော်တော်ကားလုပ်ငန်းဟာ စံကျတဲ့သာဓကပါပဲ။ အမေရိကန် ကားတစင်းကို ဒီကားဟာ ဘယ်လောက်များ အမေရိကန်ကုန် စစ်လိုက်ပါသလဲလို့ စူးစမ်းကြည့်တဲ့အခါမှာ နိုင်ငံ(၉)ခုရဲ့ အခန်းကဏ္ဍပါဝင်နေတာကို တွေ့ရပါတယ်။ အကြမ်းဖျင်းအားဖြင့်ပြောရရင် ဒီကားတန်ဘိုးရဲ့ (၃၀) ရာခိုင်နှုန်းဟာ တောင်ကိုးရီးယားနိုင်ငံမှာ တပ်ဆင်မှုစရိတ်၊ (၁၇.၅)ရာခိုင်နှုန်းဟာ ဂျပန်နိုင်ငံက အစိတ်အပိုင်းတချို့နဲ့ ခေတ်မီနည်းပညာအတွက်၊ (၇.၅)ရာခိုင်နှုန်းဟာ ဂျာမဏီနိုင်ငံမှာ ဒီဇိုင်းထုတ်လုပ်မှုအတွက်၊ (၄)ရာခိုင်နှုန်းကတော့ အသေးအမွှား အစိတ်အပိုင်းလေးတွေအတွက် ထိုင်ဝမ်နဲ့ စင်္ကာပူ၊ (၂.၅)ရာခိုင်နှုန်းဟာ ဈေးကွက်တင်ပို့မှုနဲ့ ကြော်ငြာလုပ်ငန်းအတွက် ဗြိတိန်၊ (၁.၅) ရာခိုင်နှုန်းကတော့ ကွန်ပြူတာအချက်အလက်ပြုစုမှုအတွက် အိုင်ယာလန်နိုင်ငံနဲ့ ဘာဘားဒိုးစ်နိုင်ငံတို့နဲ့ သက်ဆိုင်ကြပြီး ဒီမော်တော်ကားဈေးကွက်တန်ဘိုးရဲ့ (၃၇) ရာခိုင်နှုန်းသာပဲ အမေရိကန်နိုင်ငံမှာ ထုတ်လုပ်တာဖြစ်ပါတယ်။

ကုန်သွယ်ရေးအကြောင်း ပြောရမယ်ဆိုရင်တော့ ကမ္ဘာ့ထုတ်လုပ်မှုရဲ့ တိုးတက်မှုကိုက ဥရုဂွေးနိုင်ငံ 'ဂတ်'ညီလာခံက အထောက်အကူ ပြုထားတာဖြစ်ပါတယ်။ အရင်ကဆိုရင် ကုမ္ပဏီတခုအနေနဲ့ သူတပါးနိုင်ငံက ဘယ်နေရာမှာ ဘယ်လို လုပ်ငန်းစတင်လုပ်ကိုင်ရမယ်ဆိုတာကို အဲဒီနိုင်ငံရဲ့ အမျိုးသားရင်းနှီးမြှုပ်နှံမှု အကျိုးစီးပွားတွေက အဆုံးအဖြတ်ပေးပါတယ်။ နောက်ပြီး နိုင်ငံအများအပြားဟာလည်း မိမိတို့ရဲ့ စီးပွားရေးအကျိုး၊ ယဉ်ကျေးမှုအခြေခံ၊ ဒါမှမဟုတ် တိုင်းပြည်လုံခြုံရေးစတာတွေအပေါ်အခြေပြုပြီး ပြည်ပက ရင်းနှီးမြှုပ်နှံလာတာတွေကို ထိန်းချုပ်ကြပါတယ်။ ဒါပေမယ့် ကမ္ဘာ့လွှမ်းခြုံမှုနှုန်း မြန်ဆန်လာတာနဲ့အမျှ နိုင်ငံစုံကော်ပိုရေးရှင်းတွေဟာ ဒီကန့်သတ်မှုတွေကို ဖယ်ရှားဖို့ ကြိုးစားတော့တာပါပဲ။

**ဆက်လက်ဖော်ပြပါမည်**



# မုံရွာမြို့နယ် အဲန်အယ်ဒီအဖွဲ့ဝင်များအား မြို့နယ် မယက က ဟန့်တားနှောင့်ယှက်

ဒီဇင်ဘာလဆန်ပိုင်းက စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ချမ်းမြသာစည် ရပ်ကွက်အတွင်းရှိ အဲန်အယ်လ်ဒီရုံးတွင် သက်ဆိုင်ရာ ရယက ဥက္ကဋ္ဌကို ကြိုတင်အကြောင်းကြား၍ မုံရွာမြို့နယ်အဲန်အယ်လ်ဒီ အဖွဲ့ဝင်များနှင့် စစ်ကိုင်းတိုင်း အဲန်အယ်လ်ဒီ စိစစ်ရေးဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပနေစဉ် မြို့နယ်အာဏာပိုင်များက လာရောက်ဟန့်တား နှောင့်ယှက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း အဲန်အယ်လ်ဒီပါတီ စစ်စစ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာလ (၁၁)ရက်နေ့က မုံရွာမြို့ အဲန်အယ်လ်ဒီရုံးသို့ ရောက်ရှိလာပြီး အဖွဲ့ဝင်(၃၀)ကျော်တို့နှင့် တွေ့ဆုံဆွေးနွေးပွဲတခု ပြုလုပ်ခဲ့သည်ဟုဆိုသည်။ ထိုသို့ ပြုလုပ်နေစဉ် မွန်းလွဲပိုင်းအချိန်၌ မုံရွာ မဝတဥက္ကဋ္ဌ ဦးမင်းလွင် ဦးစီးသည့် အာဏာပိုင်အဖွဲ့များ ရောက်ရှိလာပြီး အစည်းအဝေးကို ချက်ချင်းရပ်ဆိုင်းရန် အမိန့်ပေးခဲ့သည်။ ထို့အပြင် အစည်းအဝေးတက်ရောက်နေသူများ၏ စာရင်းကိုပါ ယူသွားကြောင်း အစည်းအဝေး တက်ရောက်နေသူ အဖွဲ့ဝင်တဦးအဆိုရ သိရသည်။

မဝတ ဥက္ကဋ္ဌ ဦးမင်းလွင်နှင့် အဖွဲ့သည် မုံရွာမြို့ အဲန်အယ်လ်ဒီရုံးခန်းသို့ လာရောက်စဉ် လက်နက်ကိုင်ရဲနှင့် လုံခြုံရေးအဖွဲ့ဝင်အများအပြားက ရုံးပြင်ပမှ ကားနှင့် စောင့်ကြည့်နေပြီး ရဲထောက်လှမ်းရေးများကလည်း အဲန်အယ်လ်ဒီရုံးကို ဓာတ်ပုံရိုက်ယူခဲ့ကြောင်း မျက်မြင်သက်သေများ၏ ပြောဆိုချက်အရ သိရသည်။ မုံရွာမြို့နယ် အဲန်အယ်လ်ဒီရုံးမှာ မုံရွာမြို့၊ ချမ်းမြသာစည် ရပ်ကွက်၊ သာစည်လမ်းတွင်ရှိပြီး ရတနာ ရပ်ကွက်နှင့် လယ်တီရပ်ကွက်တို့ ဆုံချက်တွင် ရှိကြောင်း သိရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ နောက်တနေ့တွင် ချမ်းမြသာစည်ရပ်ကွက် ဥက္ကဋ္ဌ ဦးသန်းအောင်ကို အဲန်အယ်လ်ဒီအဖွဲ့ဝင်များက သွားရောက် တွေ့ဆုံမေးမြန်းရာ မြို့နယ်အာဏာပိုင်များက အဲန်အယ်လ်ဒီဆိုင်းဘုတ် တင်မှာစိုးသည့်အတွက် လာရောက်ဟန့်တားခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းပြခဲ့သည်။ ဒီဇင်ဘာလ(၁၂)ရက်နေ့တွင်လည်း ရုံးခန်းဖွင့်ရန် ငှားထားသည့် အိမ်ရှင်ဦးတင့်လွင်ကို မြို့နယ်အာဏာပိုင်များကဆင့်ခေါ်ပြီး နောက်တကြိမ် အစည်းအဝေး လက်ခံကျင်းပပြုလုပ်ပါက အရေးယူခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်ဟု ဆိုသည်။

မုံရွာမြို့ အဲန်အယ်လ်ဒီအဖွဲ့ချုပ်ရုံးသည် ယခုအချိန်ထိ ဆိုင်းဘုတ်တင်ခွင့် မရသေးကြောင်း သိရသည်။

❖ ❖ ❖

# “ကျေးဇူးတင် ဂုဏ်ပြုလွှာ”

သတ္တဝါတိုင်း၊ အရာဝတ္ထုတိုင်း၊ သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းများသည် သဘာရသဘောမှ မလွတ်ကင်းနိုင်ကြ၊ လောကဓံတရားတို့၏ ချယ်လှယ်စိုးမိုးခြင်းကို ခံရမြဲဖြစ်သည်။ “မိုးကြိုးသတင်းစဉ်”သည်လည်း လောကသားဖြစ်သည့်အတွက် လောကဓံကို ခံရသည်မှာ သဘာဝကျလှပါသည်။ မိုးကြိုးဖြတ်သန်းလာသည့် (၃)နှစ်တာခရီးတလျှောက် ချောမွေ့ညင်သာသည့်လမ်းများရှိခဲ့သလို ဆူးညှောင့်ခလုတ်များ ရောပြွမ်းသည့် အကွေ့အကောက်များသည့်လမ်းများကို ဖြတ်သန်းခဲ့ရဖူးသည်။ နောင်တွင်လည်း ဖြတ်သန်းရဦးမည်ဖြစ်သည်။

"Friend in need is a friend in deep."ဟူ၍ ဆိုစကားရှိသည်။ မိုးကြိုးသတင်းစဉ်၏ ခရီးစဉ်တလျှောက် အကျပ်အတည်းပေါင်းစုံ ကြုံတွေ့နေရစဉ်အတွင်း အကူအညီပေးကြသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အထူးသဖြင့် –

ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့၊ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်ရှိ Burmese-American Democratic Alliance နှင့် လူပုဂ္ဂိုလ်များဖြစ်ကြသည့် မစ္စတာ ဂျွန်မော်တန်၊ ကိုရန်အောင်၊ ဦးအောင်စောဦး၊ ဒေါ်သင်းသီရိ၊ ဒေါ်အေးအေးမွန်၊ ကိုမောင်မောင်ဝင်း မစ်ကီ၊ မစန္ဒာဝင်း၊ မောင်လင်းထွန်း၊ ဦးမောင်မောင်ရုံ၊ ဦးထွန်းဦး၊ ဒေါ်အေးအေးအောင်၊ ကိုပေါ်ထွန်းအောင်နှင့် ကိုမှိုင်းဝေ

– တို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် နှစ်သစ်တွင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

(ဥက္ကဋ္ဌ)
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
နေ့စွဲ – ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ(၂၈)ရက်

# ကန့်ကွက်မှုများကို မသိကျိုးကျွံပြု၍ သံလွင်ရေကာတာ တည်ဆောက်ရန် ထိုင်းကုမ္ပဏီနှင့် နအဖ စစ်အုပ်စုတို့ သဘောတူလက်မှတ်ရေးထိုး

ဒီဇင်ဘာ ၂၂ ရက်

ထိုင်းနိုင်ငံ၏ အမျိုးသားလုံခြုံရေး ဂုဏ်သိက္ခာ ထိပါးလာမည်ကို စိုးရိမ်သည့်အတွက် သံလွင်ရေကာတာစီမံကိန်းအား ရပ်ဆိုင်းပစ်ရန် ထိုင်းနိုင်ငံခြားရေးရာကော်မတီ၏ ပန်ကြားချက်ကို မသိကျိုးကျွံပြု၍ မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ထိုင်း မြန်မာနှစ်နိုင်ငံတို့ သဘောတူ စာချုပ်ချုပ်ဆိုလိုက်ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်ကို မြန်မာဘက်မှ လျှပ်စစ်စီမံကိန်း ဒါရိုက်တာ ဦးဝင်းကျော်နှင့် ထိုင်းကုမ္ပဏီကြီးတခုဖြစ်သည့် (MDX) ကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူးတို့က သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

လျှပ်စစ်ဓာတ်အား မီဂါဝပ်(၇၀၀၀)ကျော် ထုတ်လုပ်နိုင်မည့် အဆိုပါစက်ရုံကို မြန်မာနိုင်ငံအရှေ့ပိုင်း ရှမ်းပြည်နယ်အတွင်းရှိ မိုင်းပန်နှင့် မိုင်းတုံအကြားရှိ တာဆမ်းဒေသတွင် ဆောက်လုပ်မည်ဟု သိရပြီး ထိုစက်ရုံမှရရှိလာမည့် လျှပ်စစ်ဓာတ်အားများကို မြန်မာနိုင်ငံ၌သာမက အခြားအာဆီယံနိုင်ငံများကိုပါ ပေးပို့ရောင်းချသွားမည်ဟုဆိုသည်။ တာဆမ်းဒေသတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား မလုံလောက်မှု ပြဿနာများ နိဂုံးချုပ်သွားမည်ဖြစ်ကြောင်း နအဖ သတင်းစာများတွင် ဖော်ပြထားသည်။

စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း (၄၀၀၀)ကျော်ကုန်ကျနိုင်မည့် အဆိုပါလျှပ်စစ်စက်ရုံကို ထိုင်းကုမ္ပဏီက အစအဆုံး တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ထိုင်းအစိုးရလက်သို့ လွှဲပြောင်းပေးသွားမည်ဟု ဆိုသည်။ အလျား မီတာ ၈၀၀၊ အမြင့်မီတာ ၂၂၀ ရှိသည့် အဆိုပါ ရေကာတာသည် အရှေ့တောင်အာရှတွင် အကြီးဆုံး ရေကာတာတခုဖြစ်လာမည်ဖြစ်ပြီး စက်ရုံတည်ဆောက်ရေးအတွက် ကုန်ကျစရိတ်ကို ထိုင်း–မြန်မာနှစ်နိုင်ငံ မည်သို့ အချိုးကျထည့်ဝင်သွားမည်ကို မသိရသေးဟု ဆိုသည်။

အဆိုပါစက်ရုံတည်ဆောက်ရေးစီမံကိန်းကို ထိုင်းအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီက “ထိုစီမံကိန်းသည် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်ပြီး ဖိနှိပ်မှုများကြောင့် ထိုင်းနိုင်ငံသို့ ဒေသခံတိုင်းရင်းသားလူမျိုးစု ဒုက္ခသည်များပိုမိုဝင်ရောက်လာနိုင်ကြောင်း” ထောက်ပြခဲ့သည်။

အလားတူစီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများ ထိခိုက်လာနိုင်ကြောင်း မြန်မာ့အရေးဆောင်ရွက်နေသည့် မြန်မာပြည်ဒီမိုကရေစီ ဖော်ဆောင်ရေး ထိုင်းကော်မတီ(TACDB)ခေါ် အစိုးရမဟုတ်သည့်အဖွဲ့က ပြောကြားခဲ့ပြီး၊ အခြား အစိုးရမဟုတ်သည့် ထိုင်း–မြန်မာအဖွဲ့ (၆၉)ဖွဲ့ကလည်း စုပေါင်း လက်မှတ်ရေးထိုး၍ စီမံကိန်းကိုရပ်ဆိုင်းပစ်ရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

# အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) ဒုတိယအကြိမ် ညီလာခံ ကျင်းပပြီးစီး

ဒီဇင်ဘာ၊ ၁၉

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ ဒုတိယအကြိမ်ညီလာခံကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ(၁၅)ရက်မှ (၁၈)ရက်နေ့အထိ ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိခဲ့သည်။

ထိုညီလာခံတွင် ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်တို့တွင် အခြေစိုက်သော အမျိုးသမီးအဖွဲ့အစည်း (၁၁)ဖွဲ့မှ ကိုယ်စားလှယ် (၅၂)ဦး တက်ရောက်ခဲ့ကြောင်းသိရပြီး ညီလာခံတွင် လက်ရှိနိုင်ငံရေးအခြေအနေအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စ၊ ရှေ့လုပ်ငန်းစဉ်၊ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံကို ပြင်ဆင်ပြုပြင်ခြင်းနှင့် မူဝါဒဆိုင်ရာ သဘောထားများကို ဆွေးနွေးခဲ့ကြကြောင်းနှင့် သက္ကရာဇ် ၂၀၀၂–၂၀၀၄ သက်တမ်းအတွက် သဘာပတိအဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သတင်းရရှိသည်။

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)ကို ၁၉၉၉ ခုနှစ်က မြန်မာနိုင်ငံအမျိုးသမီးများ၏ လူမှုဘဝမြင့်မားရေး၊ တိုင်းရင်းသူအမျိုးသမီးများအကြားတွင် စည်းလုံးညီညွတ်မှု တည်ဆောက်ရေး၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြန်လည်ထွန်းကားရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပိုမိုပါဝင်ဆောက်ရွက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် နယ်စပ်ရောက် အမျိုးသမီးများအဖွဲ့ (၁၁)ဖွဲ့ဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

❖ ❖ ❖



အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)
ဒုတိယအကြိမ်ညီလာခံကျင်းပပြုလုပ်နေစဉ်

# ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ခရီးစဉ်အပေါ် နအဖ၏ ဟန့်တားနှောင့်ယှက်မှုများနှင့် ပတ်သက်၍ ပြည်ပရောက် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ ကြေညာချက်ထုတ်ပြန်

ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း နအဖ အာဏာပိုင်များ၏ ဟန့်တားနှောင့်ယှက်မှုများနှင့်ပတ်သက်၍ ပြည်ပရောက် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)မှ တောင်းဆိုချက်(၅)ချက် ပါဝင်သည့် ကြေညာချက်တစောင်ကို ဒီဇင်ဘာလ (၂၅)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်ဟု သိရှိရသည်။

ပြည်ပရောက် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ခိုင်မျိုးခိုင်က “ဘယ်အသင်းအဖွဲ့မဆို လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ရှိတယ်လို့ ကျနော်တို့ ယုံကြည်ပါတယ်။ နအဖဟာ ဒီမိုကရေစီလမ်းကို လျှောက်လှမ်းနေတယ်လို့ ပြောနေပေမယ့် သူတို့လုပ်နေတာကတော့ ဒီမိုကရေစီ ဆန့်ကျင်ရေးပါပဲ။ အခု ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရခိုင်ပြည်နယ်ခရီးစဉ်မှာ ဟန့်တားနှောင့်ယှက်ခဲ့တာတွေကိုပဲ ကြည့်ပါ”ဟု ပြောဆိုခဲ့သည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်သည် နဝတ အာဏာပိုင်များ၏ မတရားအသင်းအဖြစ် အဓမ္မကြေညာဖျက်သိမ်းခြင်းကို ခံခဲ့ရပြီး၊ ၁၉၉၄ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြည်ပရောက်ပါတီတခုအဖြစ် စတင်လှုပ်ရှားခဲ့ပြီး၊ ယခုအခါ အိန္ဒိယ၊ မလေးရှား၊ ထိုင်းနှင့် အမေရိကန်နိုင်ငံများ၌ ရုံးခွဲများဖွင့်လှစ်၍ ဒီမိုကရေစီရေးလှုပ်ရှားမှုကို ဆက်လက်ဆောင်ရွက်နေသည်ဟု သိရှိရသည်။

(Mizzima)

# ၁၆ ကြိမ်မြောက် ကွန်ဂရက် (သို့) စတုတ္ထမျိုးဆက်သစ်များ၏ ဒုတိယအကြိမ် ခရီးရှည် ချီတက်ပွဲ

ပထမမျိုးဆက်သစ်များက မိုင်ပေါင်း (၈၀၀၀)ကျော်ရှည်လျားသည့် ကမ္ဘာကျော်ခရီးရှည်ချီတက်ပွဲကြီးဖြင့် အောင်ပွဲခံတော်လှန်ရေးတရပ် ဦးဆောင်ဆင်နွှဲခဲ့သော တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ (၁၆)ကြိမ်မြောက်ကွန်ဂရက်ကို ယနေ့ကမ္ဘာ့အခင်းအကျင်းအခြေအနေသစ်များအောက်တွင် ထူးခြားမှုများစွာဖြင့် ကျင်းပပြီးခဲ့ပေပြီ။



တရုတ်ပြည် ကွန်မြူနစ်ပါတီ ၁၆ ကြိမ်မြောက် ကွန်ဂရက်

၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်မှ (၁၄)ရက်အထိ တရုတ်ပြည် ပီကင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သော ထိုကွန်ဂရက်သို့ ပါတီကိုယ်စားလှယ်ပေါင်း (၂၁၄၄)ယောက် တက်ရောက်ခဲ့ပြီး ယင်းအစည်းအဝေးမှ ဗဟိုကော်မတီ (၃၅၆)ယောက်ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ထိုအထဲတွင် (၁၉၈) ယောက်မှာ ဗဟိုကော်မတီ(တင်းပြည့်)ဖြစ်ပြီး (၁၅၈)ယောက်မှာ အရံများဖြစ်သည်။

ဗဟိုကော်မတီမှ နိုင်ငံရေးဦးဆောင်အဖွဲ့ တင်းပြည့်(၂၄)ဦးနှင့် အရံ(၁)ဦးအား ရွေးချယ်ခဲ့ပြီး ၎င်းတို့ထဲမှ (၉)ဦးမှာ နိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဝင်များ ဖြစ်လာကြသည်။

တရားဝင် ထုတ်ပြန်သောသတင်းများအရ တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ အမြင့်ဆုံးတာဝန်ဖြစ်သော ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် စတုတ္ထမျိုးဆက်သစ်တဦး ဖြစ်သူ ယခင် ဒုသမတအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည့် ဟူကျင်တောက် ဖြစ်သည်။ ၎င်းသည် ဗဟိုစစ်ကော်မရှင် ဒုဥက္ကဋ္ဌ (၃)ဦးအနက် တဦးလည်းဖြစ်သည်။

ယခင် ပါတီအထွေထွေအတွင်းရေးမှူးဖြစ်သူ ကျန်ဇီမင်းသည် ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူထားသည်။

တရုတ်ပြည် ကွန်မြူနစ်ပါတီသည် ၁၉၂၁ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် တရုတ်ပြည် ရှန်ဟိုင်းမြို့၌ မြေအောက်ပါတီအဖြစ် စတင်ထူထောင်ခဲ့ရပြီး ထိုစဉ်က ပါတီဝင်ဦးရေ (၇၀)သာ ရှိခဲ့သည်။ လက်ရှိ ၂၀၀၂ ခုနှစ်တွင် ပါတီဝင်ဦးရေ (၆၆)သန်းကျော် ရှိခဲ့ပေပြီ။

၎င်းတို့အထဲတွင် ၁၆.၆%(၁၀.၂၉ သန်း)မှာ အမျိုးသမီးများဖြစ်ကြပြီး ၆.၁% (၃.၇၉သန်း)မှာ လူမျိုးစုများ ဖြစ်ကြသည်။ အသက်အရွယ်အားဖြင့် ၂၃.၁%(၁၄.၂၈ သန်း)မှာ ၃၅ နှစ်အောက်ဖြစ်ကြပြီး ၄.၆% (၂.၈၆သန်း)မှာ ၂၅ နှစ်အောက်များဖြစ်ကြသည်။

၄၇.၂%(၂၉.၁၉ သန်း)မှာ အထက်တန်းအဆင့် ပညာရေးရှိကြပြီး ၎င်းတို့အထဲမှ ၁၇.၈% မှာ ကောလိပ်နှင့် တက္ကသိုလ်များတွင် တက်ရောက်နေကြပြီး ၁၀.၅%(၃၁၀၀၀၀) ယောက်မှာ ဘွဲ့ရများဖြစ်ကြသည်။ ၁၉၉၈ ခုနှစ် တနှစ်တည်းမှာပင် ပါတီသို့ ဝင်ရောက်ရန် စာရင်းသွင်းထားသူဦးရေပေါင်း ၂.၂၆ သန်း ရှိခဲ့သည်ဟု တရားဝင်ထုတ်ပြန်သော သတင်းများအရ သိရှိရသည်။

ကွန်ဂရက်အဖွင့်တွင် ပါတီအထွေထွေအတွင်းရေးမှူး (ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌနှင့် သမတလည်းဖြစ်သူ) ကျန်ဇီမင်းမှ ၆၈ မျက်နှာရှိသည့် အစီရင်ခံစာတခု တင်သွင်းခဲ့သည်။

ဆက်လက်၍ ကွန်မြူနစ်ပါတီများ၏ အစဉ်အလာနှင့် မတူဘဲ အလွန်ထူးခြားသည့် ပါတီဝင် စည်းရုံးရေးဆိုင်ရာ သဘောထားများနှင့် အခြားအရေးကြီးသော ပြည်တွင်းပြည်ပအခြေအနေများအပေါ် သဘောထားများကို အပြည့်အစုံ တင်သွင်းဖော်ပြခဲ့ပေသည်။

ဆက်လက်၍ "ခေတ်နဲ့အမီ ရင်ဘောင်တန်းနိုင်ရေးမှာ ရှေ့သို့မှန်မှန် ချီတက်ရေး၊ တီထွင်ဖန်တီးမှုရှိရေးတို့ဟာ ပိုပြီးလိုအပ်လာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတကာစနစ်အတွင်းမှာ မမျှော်လင့်တဲ့ လေးနက်ပြီး အန္တရာယ်ပြွန်းတီးတဲ့ အပြောင်းအလဲတွေဖြစ်ပွားနေတဲ့အချိန်ကာလဖြစ်တဲ့ အန္တရာယ်အရှိဆုံး (၁၀)စုနှစ်တွေထဲကို တရုတ်ပြည်ဟာ စတင်ဝင်ရောက်ခဲ့တာကြောင့် ဖြစ်တယ်"ဟု ဖော်ပြသွားခဲ့သည်။

"ချုပ်ပြီးပြောရရင် လာမယ့်(၁၀)စုနှစ်ဟာ တရုတ်ပြည်ကို ၂၁ ရာစု အလယ်ပိုင်းမှာ ပြင်သစ်ပြည်လို အလယ်အလတ်ဆင့် ဖွံ့ဖြိုးပြီးနိုင်ငံတနိုင်ငံအဖြစ် အမီလိုက်ရေးဆိုတဲ့ သူ့ရဲ့နောက်ဆုံးနဲ့ စတုတ္ထခြေလှမ်း ပန်းတိုင်ကို ရောက်မှာလားဆိုတာကို အဆုံးအဖြတ်ပေးမယ့်အချိန်ဖြစ်တယ်"ဟု ကျန်ဇီမင်းက မျိုးဆက်သစ်ခေါင်းဆောင်များနှင့် ပြည်သူလူထုအား အလေးအနက် ထောက်ပြပြောဆိုခဲ့ပေသည်။

ထို့ပြင် ပါတီနှင့် တပ်မတော်ဆက်ဆံရေးတွင်လည်း "ပါတီရဲ့ အကြွင်းမဲ့ခေါင်းဆောင်မှုအောက်မှာ တပ်မတော်ရှိရေးဆိုတာဟာ အပြောင်းအလဲရှိမှာ မဟုတ်ပါဘူး" ဟု ဖော်ပြသွားခဲ့သည်။

ကမ္ဘာ့အခင်းအကျင်းသစ်အား ရှုမြင်သုံးသပ်ရာတွင်လည်း အမေရိကန်၏ ဝင်ရိုးတခု ကမ္ဘာ့စနစ်အား တုံ့ပြန်ရန်အတွက် ဝင်ရိုးအများ ကမ္ဘာ့စနစ်ကို ထောက်ခံပြီး မျှတသည့် ကျိုးကြောင်းဆီလျော် ညီညွတ်မှုရှိသော ကမ္ဘာ့စနစ်သစ်အယူအဆကို ထပ်မံထုတ်ဖော်ပြောကြားခဲ့သည်။

ပြည့်စုံလုံလောက်သောဥပဒေစနစ် တည်ဆောက်ရေးနှင့် ပါတီအတွက် သေရေးရှင်ရေးဖြစ်သည့် အဂတိလိုက်စားမှုများအား ကိုင်တွယ်ဖြေရှင်းရေး၊ လူမျိုးစုအရေးတောင်းဆိုမှုများနှင့် ဘာသာရေး အခြေခံဝါဒီများကဲ့သို့ ပြည်နယ်ခွဲထွက်ရေးသမားများ၏ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် ဆိုရှယ်လစ်စနစ်အား စိန်ခေါ်မှုအသစ်များကိုလည်း ခေါင်းဆောင်သစ်များ ရင်ဆိုင်ရမည့် ကြီးမားသည့် တာဝန်ဖြစ်သည်ဟု အစီရင်ခံစာတွင် ထပ်လောင်း၍ ထည့်သွင်းဖော်ပြခဲ့သည်။

ထိုအစီရင်ခံစာထဲတွင် ယခင် တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ ဖွဲ့စည်းပုံ စည်းမျဉ်းထဲတွင် မကြုံဘူးအောင် ထူးခြားလှသည့် ပါတီဝင်သစ်လက်ခံရေးမူတရပ်ကိုလည်း ထည့်သွင်းဖော်ပြခဲ့သည်။

"ကျနော်တို့အနေနဲ့ ပါတီလုပ်ငန်းစဉ်နဲ့ ဖွဲ့စည်းပုံ စည်းမျဉ်းကို လက်ခံတဲ့ အခြားလူမှုရေး အလွှာတွေက ရှေ့တန်းရောက်တဲ့ အစိတ်အပိုင်းတွေကို ပါတီထဲကို ဝင်ခွင့်ပြုရမယ်"ဟု ကျန်းဇီမင်းက ရှင်းရှင်းလင်းလင်း ပြောကြားခဲ့သည်။

၎င်းက လူမှုရေးအလွှာသစ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ နိုင်ငံခြားရုံပုံငွေ ထောက်ပံ့ထားသည့် ကုမ္ပဏီမှ အလုပ်သမားများ ကိုယ်ပိုင်လုပ်ငန်း လုပ်သူများနှင့် တသီးပုဂ္ဂလ အတတ်ပညာကျွမ်းကျင်သူများ ပါဝင်ပေသည်။ ဤသည်မှာ ယခင်က ခနရှင် သွေးစုတ်သူများအဖြစ် ဖယ်ကြဉ်ထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့် ပါတီအား အင်အားဖြည့်တင်းမှုကို တရားဝင် ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍လည်း လွန်ခဲ့သောနှစ် ဇူလိုင်လ (၁)ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော ပါတီအနှစ်(၈၀)မြောက် မွေးနေ့ပွဲတွင် ထိုစီမံကိန်းအား တင်ပြခဲ့စဉ်က ပါတီတွင်း လက်ဝဲအမာခံများက ၎င်းအား ပါတီ၏ မာ့က်စ်ဝါဒီဇစ်မြစ်အား ဖောက်ဖျက်သည်ဟု စွပ်စွဲခဲ့ကြကြောင်း ပြည်တွင်းပြည်ပတွင် သတင်းများ ပေါ်ထွက်လာခဲ့သည်။

ထိုင်ဝမ်အရေးကိစ္စနှင့် ပတ်သက်၍လည်း "တရုတ်ပြည် တပြည်ထဲရှိရေးမူကို လက်ခံရင် ရေလက်ကြားပြဿနာကို တရားဝင် ဘယ်လိုအဆုံးသတ်မလဲ ဆိုတာကို ဆွေးနွေးလိုစိတ် ရှိနေမှာပဲ ဖြစ်ပါတယ်"ဟု အစီရင်ခံစာထဲတွင် ဖော်ပြပြောဆိုခဲ့သည်။

တရုတ်ပြည်သစ် တည်ဆောက်ရာတွင် ဆိုရှယ်လစ်ခေတ်မီရေး၊ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းနိုင်ရေးတို့အတွက် အဆုံးအဖြတ်ကျသော ခြေလှမ်းတရပ်ကို ၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော တရုတ်ပြည် ကွန်မြူနစ်ပါတီ (၁၁)ကြိမ်မြောက် ဗဟိုကော်မတီ တတိယမြောက် စုံညီအစည်းအဝေးမှ ချမှတ်ခဲ့ပြီး ထိုအစည်းအဝေးမှ ပါတီလုပ်ငန်းများအား ဆိုရှယ်လစ်ခေတ်မီရေး၊ ပေါ်လစီပြုပြင်ပြောင်းလဲရေးနှင့် ပြင်ပကမ္ဘာသို့ တံခါးဖွင့်ရေးတို့အား အလေးထား လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ❖

# လူပေါင်း ၆ သိန်းကျော်သေဆုံးခဲ့ရသည့် သီရိလင်္ကာပြည်တွင်းစစ်မီးအဆုံးသတ်နိုင်တော့မည်

ဒီဇင်ဘာ ၁၆၊ အာရ်အက်ဖ်အေ

၁၈ နှစ်ကြာဖြစ်ပွားခဲ့ပြီး တဘက်နဲ့တဘက် အနိုင်မခံ အရှုံးမပေး ဆင်နွှဲခဲ့သည့် သီရိလင်္ကာနိုင်ငံ၏ ပြည်တွင်းစစ်မီးသည် မကြာမီချုပ်ငြိမ်းတော့မည့် အလားအလာကောင်းများတွေ့မြင်နေရပြီးဖြစ်ရာ လူပေါင်း (၆)သိန်းခွဲခန့် သေဆုံးခဲ့ရသည့် သီရိလင်္ကာစစ်တပ်နှင့် တမီးလ်ပြောက်ကျားသူပုန်များအကြား အကြမ်းဖက်မှုကြီး ပြီးဆုံးတော့မည်ကို မျှော်တွေး၍ ကမ္ဘာ့လူထုက ဝမ်းပမ်းတသာ ကြိုဆိုခဲ့ကြသည်။

၂၀၀၂၊ စက်တင်ဘာလ(၁၆)ရက်နေ့မှ စတင်ခဲ့သည့် သီရိလင်္ကာအစိုးရနှင့် တမီးလ်ပြောက်ကျားတို့ ဆွေးနွေးမှုသည် ပထမဆုံးအကြိမ် ထိုင်းနိုင်ငံအရှေ့ဖက် ရေတပ်စခန်းတွင်ပြုလုပ်သည့် ဆွေးနွေးပွဲမှာပင် နှစ်ဖက်ကိုယ်စားလှယ်များ၏ အပြုသဘောဆောင်သော မှတ်ချက်များကြောင့် အလားအလာကောင်းသည်ဟု နိုင်ငံရေးအကဲခတ်သမားများက ယူဆခဲ့ကြသည်။ ဆွေးနွေးပွဲမစမီ (၉)လအလိုတွင် အတိုက်အခိုက်ရပ်စဲရေး စတင်ခဲ့ပြီး လွန်ခဲ့သည့် (၇)လတွင် အကန့်အသတ်မရှိ အပစ်အခတ်ရပ်စဲရန် နှစ်ဦးနှစ်ဘက် လက်မှတ်ရေးထိုးခဲ့ကြသည်။

ပွဲဦးထွက် ဆွေးနွေးပွဲ ကောင်းခဲ့သည့်နောက် ဒုတိယမြောက်ဆွေးနွေးပွဲကို နိုဝင်ဘာလဆန်းတွင် (၄)ရက်ကြာပြုလုပ်ခဲ့ရာ (၁၈)နှစ်လုံးလုံး တိုက်ပွဲဝင်လာသည့် တမီးလ်ပြောက်ကျားများက ခေတ်အဆက်ဆက်ပျက်ပြားခဲ့သည့် ဆွေးနွေးပွဲများတွင် စိုက်လိုက်မတ်တပ်တောင်းဆိုခဲ့သည့် တောင်းဆိုချက်များကို လျှော့ချခဲ့ကြသည်။

တမီးလ်တို့က ခွဲထွက်ရေး တောင်းဆိုချက်ကို လျှော့ပေါ့၍ ဖက်ဒရယ်မူအောက်မှာပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည့်အတွက် ယခုလို ပြည်တွင်းငြိမ်းချမ်းရေးလမ်းစ ပွင့်သွားခဲ့ခြင်း ဖြစ်သည်။

ဒုတိယအကြိမ် ဆွေးနွေးပွဲအပြီး (၁)လအကြာတွင် ပြုလုပ်သည့် တတိယအကြိမ် ဆွေးနွေးပွဲကို နော်ဝေနိုင်ငံ အော်စလိုမြို့တော်တွင် ကျင်းပခဲ့ရာ နှစ်ဘက်စလုံးက ယခုထိလျှောက်လှမ်းခဲ့သည့် ငြိမ်းချမ်းရေးခရီးလမ်းကို နောက်ပြန်မဆုတ်တော့။ လက်နက်ကိုင်တိုက်ပွဲများဆီသို့ နောက်ကြောင်းပြန်မလှည့်တော့ဟူ၍ ဆွေးနွေးပွဲအပြီးတွင် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဗုဒ္ဓဘာသာဝင် လူအများစုနေထိုင်သည့် သီရိလင်္ကာနိုင်ငံတွင် (၁၈)ရာခိုင်နှုန်းသာရှိသည့် ဟိန္ဒူဘာသာဝင် တမီးလ်လူမျိုးများနှင့် တင်းမာမှုများ ဖြစ်ပွားခဲ့ရာမှ လက်နက်ကိုင်တိုက်ပွဲအသွင်ကူးပြောင်းသွားခဲ့ပြီး ၁၉၈၃ ခုနှစ်မှ စတင်၍ ပြည်တွင်းစစ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စစ်ပွဲများအတွင်း သီရိလင်္ကာအစိုးရတပ်ဖွဲ့များက တမီးလ်ပြောက်ကျားများအား ကြည်း၊ ရေ၊ လေ စစ်ကြောင်းများဖြင့် ပြင်းထန်စွာတိုက်ခိုက်ခဲ့သလို တမီးလ်ပြောက်ကျားတို့ကလည်း အသေခံဗုံးများ ဖောက်ခွဲ၍ ပြန်လည် တုံ့ပြန်ခဲ့ကြသည်။



တမီးလ်ပြောက်ကျားစေ့စပ်ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်
အန်တန် ဘယ်လာဆင်ဟမ်(ဗ်)နှင့်
သီရိလင်္ကာအစိုးရစေ့စပ်ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဂျီအယ်လ် ပီးရစ်(ယာ)

အသေခံဗုံးများကြောင့် ၁၉၉၁ ခုနှစ်တွင် အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ၊ ၁၉၉၃ ခုနှစ်တွင် သီရိလင်္ကာသမတ တနာနာဆင်ဂါမရ မာဒါဆာတို့ သေဆုံးခဲ့ရပြီး လက်ရှိသမတ ကုမာရတွန်ဂါမှာ အသက်ဘေးမှ သီသီကလေးလွတ်မြောက်ကာ မျက်လုံးတဘက် ကွယ်ခဲ့ရသည်။ ❖

မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# အောင်ပွဲ ကား လက်တကမ်းအလိုမှာရှိပြီ



## ဂဲထွင့်

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်နေ့ ဂျာမဏီနိုင်ငံ ကိုလုံးမြို့တွင် ဦးနွယ်အောင် ဦးဆောင်သော Burma Bureau အဖွဲ့သားများနှင့် ထိုင်း–မြန်မာနယ်စပ်မှ ပြည်နယ်ဖွဲ့စည်းပုံ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ၍ မြန်မာ့အရေးကို ဆွေးနွေးခဲ့ကြသည်။ Burma Bureau အဖွဲ့ဝင်တဦးဖြစ်သူ ဆန်နီအောင်သန်းဦးက မေးခွန်းတခု မေးလာသည်။ "ဒီမိုကရေစီတော်လှန်ရေးကြီး ယခုအထိ မအောင်မြင်ရသေးတာ ဘာကြောင့်လဲ"တဲ့။

အထက်ပါ မေးခွန်းသည် ဆန်နီအောင်သန်းဦးနှင့် Burma Bureau အဖွဲ့ဝင်များသာမက မြန်မာတနိုင်ငံသားလုံးက စိတ်ဝင်စားနေကြသည့် မေးခွန်းဖြစ်သည်။ ဤမေးခွန်း၏ အဖြေကို မှန်ကန်စွာ ဖြေဆိုနိုင်မည်ဆိုပါက ဒီမိုကရေစီအင်အားစုများအနေဖြင့် ဆောင်ရန်၊ ရှောင်ရန်ကိစ္စများကို သိရှိနားလည်ပြီး ဒီမိုကရေစီတော်လှန်ရေးအတွက် အထောက်အကူပြုမည့် တွေးခေါ်စဉ်းစားမှုများမှတဆင့် မှန်ကန်တည့်မတ်သောလုပ်ဟန်များ ဖြစ်ပေါ်တိုးပွားလာမည် ဖြစ်ပါသည်။ သို့ပါ၍ မိုးကြိုးစင်မြင့်မှတဆင့် ပြည်သူသို့တင်ပြပါသည်။

ပထမအရေးကြီးသော စဉ်းစားရန်တချက်မှာ ယနေ့ဆင်နွှဲနေသောတော်လှန်ရေးကြီးသည် အစိုးရအဖွဲ့ တခုမှတခုသို့ ပြောင်းလဲရန်အတွက်သာ လုပ်ဆောင်နေခြင်းမဟုတ်၊ လူတစုလက်မှ အာဏာကို လူတစုလက်သို့ လွှဲအပ်စေရန် ကြိုးစားနေခြင်းမဟုတ်ဘဲ ပြည်သူကို ဖိနှိပ်သောစစ်အာဏာရှင်စနစ်မှ ပြည်သူလူထုလွတ်မြောက်သော ဒီမိုကရေစီစနစ်သို့ ပြောင်းလဲစေရန် သမိုင်းပေးတာဝန်တရပ်အနေနှင့် ထမ်းဆောင်နေခြင်းဖြစ်သည်။ ၁၉၈၈ ဩဂုတ်လ(၂၆)ရက်နေ့တွင် ရွှေတိဂုံ လူထုအစည်းအဝေး၌ ပြောကြားခဲ့သော မိန့်ခွန်းတွင် ဒေါ်အောင်ဆန်းစုကြည်က "ကျမတို့ လိုအပ်တာက ယခုအစိုးရလည်းမဟုတ်၊ နောင် အစိုးရလည်းမဟုတ်၊ ပြည်သူလူထုကြီးတရပ်လုံး သာယာဝပြောအောင် လုပ်ပေးနိုင်တဲ့ အစိုးရဖြစ်တယ်"ဟု မိန့်ကြားခဲ့ဖူးသည်။

တနည်းအားဖြင့် ကိုလိုနီလက်အောက်က မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပါဝင်ခဲ့သော ကျွန်ုပ်တို့၏ လွတ်လပ်ရေးဖခင်များ မျှော်မှန်းခဲ့သည့် ဒီမိုကရေစီရေး ရည်ရွယ်ချက်၏ မပြီးဆုံးသေးသော တိုက်ပွဲသမိုင်းလည်းဖြစ်သည်။ ဆိုလိုသည်မှာ စစ်အာဏာရှင်စနစ် စစ်ဗျူရိုကရေစီယန္တရားနှင့် ဗျူရိုကရက်စစ်တပ်ကို အပြီးအပိုင်ဖျက်သိမ်းမှသာ ပြည်သူတို့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် စနစ်သစ်တရပ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ယခုဖြစ်ပွားနေသော မြန်မာပြည်ရှိ ဘက်နှစ်ဘက်ပဋိပက္ခသည် လူပုဂ္ဂိုလ်တစုနှင့်တစု၊ ပါတီတဖွဲ့နှင့်တဖွဲ့၊ အယူအဆတခုနှင့်တခုအကြားဖြစ်ပွားနေသော ပဋိပက္ခ မဟုတ်ဘဲ စစ်အာဏာရှင်တို့ကို အကျိုးပြုနေသော စနစ်ဟောင်းနှင့် ပြည်သူလူထုကို အကျိုးပြုမည့် ဒီမိုကရေစီ စနစ်သစ်တို့၏ ပဋိပက္ခဖြစ်သည်ကို ရှင်းလင်းပြတ်သားစွာ သိမြင်ရပေမည်။ စနစ်တခုမှတခုသို့ စစ်မှန်စွာ ကူးပြောင်းမှုသည် လူပုဂ္ဂိုလ်တစုလက်မှ လူပုဂ္ဂိုလ်တစုလက်သို့ အာဏာကို လွှဲပြောင်းခြင်းကဲ့သို့ လွယ်ကူလှသည် မဟုတ်ပေ။ ပြည်သူတရပ်လုံး ပါဝင်ဆင်နွှဲသောတိုက်ပွဲဖြင့်သာ စနစ်ကို ကူးပြောင်းနိုင်မည်ဖြစ်သည်။ ဤကဲ့သို့ ခန့်ညားထယ်ဝါ၍ ကြီးမားကျယ်ပြန့်လှသည့် စနစ်ပြောင်းလဲရေးတိုက်ပွဲစဉ်သည် (၁၀)စုနှစ်မကကြာမြင့်သည်မှာ ကမ္ဘာ့သမိုင်းစဉ်တလျှောက် ဖြစ်ပွားပေါ်ပေါက်ခဲ့သော စနစ်ပြောင်းလဲမှုများနှင့် နှိုင်းစာလျှင် သဘာဝကျသော ဖြစ်ပေါ်တိုးပွားမှုသာဖြစ်သည်ကို တွေ့ရှိနိုင်ပေမည်။ ဤကဲ့သို့ ရှုမြင်သုံးသပ်မှုကသာ ရင့်ကျက်ခြင်း၊ ရေရှည်ခံခြင်း၊ သည်းခံခြင်းတည်းဟူသော တော်လှန်ရေး အကောင်းမြင်ဝါဒကို အပြည့်အဝစိုက်ထူနိုင်မည်ဖြစ်လျက် ဒီမိုကရေစီပန်းတိုင်ဆီသို့ တွေဝေယိမ်းယိုင်ခြင်းမရှိဘဲ မည်မျှခရီးကြမ်းပါစေ ပြည်သူတို့နှင့်အတူ အရောက်ချီတက်နိုင်မည် ဖြစ်သည်။

> မိမိတို့အင်အားစုများအတွင်း မိုက်မဲလှစွာ ကျင့်သုံးနေသည့် ဂိုဏ်းဂဏဝါဒဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က "မြန်မာ့နိုင်ငံရေးကို ဖျက်ဆီးနေတာဟာ မလိုမုန်းတီးမှုနဲ့ ဂိုဏ်းဂဏဝါဒပဲ" ဟု အတိအလင်း ဝေဖန်ထောက်ပြခဲ့ဖူးသည်

ဒုတိယအချက်မှာ ပထမတင်ပြခဲ့သော စနစ်တခုမှစနစ်တခုသို့ ကူးပြောင်းရာတွင် ပြည်သူလူထုတရပ်လုံး ပါဝင်တိုက်ပွဲဝင်နိုင်မှသာ အောင်ပွဲရနိုင်သည်ဟူသော အချက်ပေါ်တွင် အခြေခံသည်။ ဤအယူအဆသည် မှန်ကန်သည်ဟုယူဆပါက တော်လှန်ရေးကိုဆင်နွှဲနေသော ဦးဆောင်ပါတီများအတွက် ပြည်သူတရပ်လုံး ပါဝင်တိုက်ပွဲဝင်နိုင်သော နိုင်ငံရေးအခြေအနေတရပ်ကိုဖန်တီးရေးသည် မဖြစ်မနေလိုအပ်သော သမိုင်းပေးတာဝန်တရပ်ဖြစ်ပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးဖြစ်သူ ဦးဝင်းတင်က "မိမိယူဆထားသော တိုက်ပွဲလမ်းစဉ်သည် မည်မျှမှန်ကန်သည်ဟုဆိုစေကာမူ အများပြည်သူ မလိုက်ပါနိုင်သော လမ်းစဉ်ဖြစ်ပါက ပြည်သူလိုက်ပါနိုင်သည်အထိ စောင့်ဆိုင်း၍ စိတ်ရှည်သည်းခံစွာဖြင့် ပြည်သူနှင့်အတူရှိနေရမည်"ဟု သင်ကြားခဲ့ဖူးသည်။ ထို့အတူ ပြည်သူလူထု နောက်မီးဆွဲနိုင်ငံရေးပါတီများအဖြစ်သို့ ရောက်သွားမသွားကိုလည်း မိမိကိုယ်ကို အမြဲတမ်းဆန်းစစ်နေရမည်ဖြစ်ပေသည်။ သို့ပါ၍ နိုင်ငံရေးပါတီတိုင်း၊ နိုင်ငံရေးခေါင်းဆောင်တိုင်းသည် "စစ်အာဏာရှင် ဆန့်ကျင်ရေး အင်အားစုအားလုံး ပါဝင်တိုက်ပွဲဝင်နိုင်မည့် အနိမ့်ဆုံး ဘုံလုပ်ငန်းစဉ်တရပ်"ကို ချမှတ်အကောင်အထည်ဖော်နိုင်ရေးအား ယနေ့ဆင်နွှဲနေသော ဒုတိယအကြိမ်မြောက် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကြီး အောင်မြင်ရေး၏ အာမခံချက်၊ အဓိကသော့ချက်အဖြစ် သတ်မှတ်၍ ယင်းဘုံလုပ်ငန်းစဉ်ပေါ်ပေါက်လာစေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းကြရန် လိုအပ်ပေသည်။

တင်ပြလိုသည့် တတိယအချက်မှာ မိမိတို့ အင်အားစုများအတွင်း မိုက်မဲလှစွာ ကျင့်သုံးနေသည့် ဂိုဏ်းဂဏဝါဒဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က "မြန်မာ့နိုင်ငံရေးကို ဖျက်ဆီးနေတာဟာ မလိုမုန်းတီးမှုနဲ့ ဂိုဏ်းဂဏဝါဒပဲ"ဟု အတိအလင်းဝေဖန်ထောက်ပြခဲ့ဖူးသည်။ မှန်ပါသည်။ ၁၉၄၇–၆၂ ကာလက ကျင့်သုံးခဲ့သော ပါလီမန်ဒီမိုကရေစီစနစ်တွင်ပင် ဂိုဏ်းဂဏဝါဒကြောင့် နိုင်ငံရေးပါတီများ အစိတ်စိတ်အမွှာမွှာကွဲခဲ့ကြသည်၊ စေ့စပ်ဖြေရှင်း၍ မရနိုင်ဘဲ ဗကပ၊ ဖဆပလ၊ ဆိုရှယ်လစ်စသည့် နိုင်ငံရေးပါတီများသည် အစိတ်စိတ်အမွှာမွှာကွဲခဲ့ကြသည်။ တိုင်းပြည်လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၏ အာမခံချက်ဖြစ်သော လက်ဝဲညီညွတ်ရေးကို မတည်ဆောက်နိုင်ခဲ့ကြရုံမက ပြည်တွင်းစစ်ကိုပါ ဖြစ်ပွားစေလျက် တိုင်းပြည်အား အဆုံးစွန်သော ကြေမွပျက်သုဉ်းရေးဆီသို့ ဦးတည်စေခဲ့သည်။ ယင်းသို့ဖြစ်ပွားစေသည့် လက်သည်တရားခံမှာ ဂိုဏ်းဂဏဝါဒဖြစ်သည်။ ပုဂ္ဂိုလ်အချင်းချင်း မလိုမုန်းတီးမှုဖြစ်သည်။

ဖော်ပြပါအချက်ကို ယခုတိုင် သင်ခန်းစာမယူဘဲ အကွဲအပြဲဇာတ်လမ်းကို ဆက်လက်ကပြနေသည်ကို ယနေ့မြန်မာ့နိုင်ငံရေးဇာတ်ခုံတွင် တွေ့မြင်နေရသည်။ ပညာတတ်နှင့် ပညာမဲ့၏ဂိုဏ်းဂဏ၊ လက်ရှိအာဏာရှိသူနှင့် အာဏာမဲ့သူ၏ ဂိုဏ်းဂဏ၊ ပါတီတွင်းနှင့် ပါတီပ ဂိုဏ်းဂဏ၊ အလုပ်လုပ်သူနှင့် အလုပ်မလုပ်သူတို့၏ ဂိုဏ်းဂဏ၊ လက်ဝဲယိမ်းသူနှင့် လက်ျာယိမ်းသူတို့၏ ဂိုဏ်းဂဏ၊ ပြည်ပရောက်ပုဂ္ဂိုလ်နှင့် နယ်စပ်ရောက်ပုဂ္ဂိုလ်တို့၏ဂိုဏ်းဂဏ စသည်ဖြင့် ဂိုဏ်းဂဏများစွာကို နည်းပေါင်းစုံဖြင့် ဖော်ထုတ်လျက် ရန်သူအားပေးလုပ်ရပ်များကို လုပ်ဆောင်လျက် အသိမဲ့စွာ ဂိုဏ်းဂဏတိုက်ပွဲကို ဆင်နွှဲလျက်ရှိသည်။ ဤသို့ လုပ်ဆောင်နေမည်ဆိုပါက စစ်အာဏာရှင်စနစ် ဆန့်ကျင်သူအားလုံး ပါဝင်တိုက်ပွဲဝင်နိုင်မည့် အနိမ့်ဆုံး ဘုံလုပ်ငန်းစဉ် ပေါ်ပေါက်လာနိုင်ပါမည်လော။ အနိမ့်ဆုံး ဘုံလုပ်ငန်းစဉ် မပေါ်ပေါက်နိုင်ပါက ယခုဆင်နွှဲနေသော ဒီမိုကရေစီတိုက်ပွဲကြီး အောင်မြင်နိုင်မည်လောဟူသော မေးခွန်းများသည် ကျနော်တို့ဖြေရှင်းရမည့် မေးခွန်းများအဖြစ် တည်ရှိနေပေသည်။

၂၀၀၂ ခုနှစ်ကား ကုန်ဆုံးတော့မည်၊ ၂၀၀၃ ခုနှစ်ကား မကြာမီကာလအတွင်း ရောက်ရှိလာမည် ဖြစ်ပေသည်။ နှစ်များသာ အဟောင်းများ ကုန်ဆုံး၍ ခေတ်စနစ်များက အဟောင်းအတိုင်းသာ ရှိနေပါက ကျနော်တို့ ပုခုံးပေါ် ကျရောက်နေသော သမိုင်းတာဝန်များကို ကျနော်တို့ မကျေပွန်ဟု နှောင်းလူများက ကဲ့ရဲ့သင်္ဂြိုလ် အပြစ်ဆိုလိမ့်မည်။ သို့သော် အားတက်စရာများ ကျနော်တို့တွင် တွေ့ဆုံဆွေးနွေး အဖြေရှာရေးတည်းဟူသော မိမိတို့အင်အားစုအားလုံး သဘောတူထားသည့် ဘုံသေနင်္ဂဗျူဟာရှိနေသည့် ဒေါ်အောင်ဆန်းစုကြည်ကလည်း လူထုခေါင်းဆောင်ဟူသော သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။ ၂၀၀၃ ခုနှစ်သည် ကျနော်တို့အင်အားစုများအတွက် မျှော်မှန်းချက်၊ အားတက်စရာများ၊ ရင်ခုန်မှုများကို ပေးစွမ်းဖြည့်ဆည်းရန် အသင့်စောင့်မျှော်လျက်ရှိသည်။ ပကတိဘာဝကား ရင့်မှည့်ချေပြီ။ မိမိတို့၏ အားထုတ်မှု အတ္တဘာဝသာ လိုအပ်ပေသည်။ ဘာကြောင့် ကျနော်တို့သည် သမိုင်းအမြင်ကို စိုက်ထူ၍ တော်လှန်ရေးက ပေးအပ်သော ဆင်းရဲဒုက္ခများကို ကြံ့ကြံ့ခံ၍ မနေနိုင်ရမည်နည်း။ ဘာ့ကြောင့် ကျနော်တို့ တော်လှန်ရေးများကို ဖျက်ဆီးခဲ့သော ဂိုဏ်းဂဏဝါဒကို မကျော်လွှားနိုင်ရမည်နည်း။ ဘာ့ကြောင့် စစ်အာဏာရှင်ဆန့်ကျင်ရေးအင်အားစုအားလုံး လိုက်ပါနိုင်မည့် အနိမ့်ဆုံးဘုံလုပ်ငန်းစဉ်ကို မချမှတ်နိုင်ရမည်နည်း။ အို....ရဲဘော်တို့၊ ပြည်သူလူထုအပေါင်းတို့ အောင်ပွဲကား လက်တကမ်း အလိုသာရှိပြီ။ ရဲရဲ ခူးဆွတ်လော့။ ❖

# ကလေးစစ်သားအသုံးပြုသည့် နိုင်ငံများစာရင်း၌ မြန်မာနိုင်ငံထိပ်ဆုံးမှပါဝင်



နအဖ စစ်တပ်မှ လူမမယ် ကလေးစစ်သားတဦး

ဒီဇင်ဘာလ၊ ၁၇ ရက် (ဝါရှင်တန်)

အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ပြီး စစ်တပ်အတွင်း ကလေးစစ်သားများကို အသုံးပြုနေသည့် နိုင်ငံများထဲမှ အဆိုးဝါးဆုံး ငါးနိုင်ငံအား နာမည်ပျက်နိုင်ငံများအဖြစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပထမဆုံးအကြိမ် ဒီဇင်ဘာလ(၁၆)ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတဝှမ်း ကလေးစစ်သားအသုံးပြုနေသော နိုင်ငံပေါင်း(၂၃)နိုင်ငံ ရှိကြောင်း ထုတ်ပြန်ခဲ့ရာ ၎င်းတို့အထဲမှ အဆိုးရွားဆုံး (၅)နိုင်ငံ၏ အမည်များအဖြစ် အာဖဂန်၊ ဘူရွန်ဒီ၊ ကွန်ဂို၊ လိုက်ဘေးရီးယားနှင့် ဆိုမာလီနိုင်ငံများဖြစ်ကြောင်း သိရသည်။

လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ (Human Rights Watch)မှ ဂျိုးဘက်ဂါက ကမ္ဘာတဝှမ်းလုံးတွင် အသက်(၁၆)နှစ်အောက် ကလေးငယ်များကို စစ်သားအဖြစ် ခိုင်းစေနေသည့် နိုင်ငံပေါင်း(၂၅)နိုင်ငံထက် မနည်းရှိကြောင်း၊ လုံခြုံရေးကောင်စီ၏ စာရင်းထဲတွင် ကလေးစစ်သား(၇၀,၀၀၀)ခန့်ရှိသည့် မြန်မာနိုင်ငံအား ထည့်သွင်းမထားခြင်းမှာ စိုးရိမ်စရာ ကောင်းကြောင်း၊ အလားတူ ကိုလံဘီယာနှင့် ယူဂန္ဒာနိုင်ငံများမှာ ကလေးစစ်သား(၁၀,၀၀၀)ခန့် အသုံးပြုနေကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ထို့သို့ စာရင်းထုတ်ပြန်ရခြင်းမှာ နိုင်ငံတကာအသိုင်းအဝိုင်းက ကလေးစစ်သားအသုံးပြုမှုကို လက်မခံဘူးဆိုသည်ကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း၊ ကလေးစစ်သားတားဆီးရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာအိုလာအိုကူမိုက ပြောဆိုလိုက်သည်။ ၎င်းက ဆက်လက်ပြောဆိုရာတွင် ကုလသမဂ္ဂမှ အဆိုပါနိုင်ငံများကို စောင့်ကြည့်နေပြီး ကလေးစစ်သားများ အသုံးပြုနေခြင်းကို ချက်ချင်းရပ်ဆိုင်းပစ်ရန် လိုအပ်ကြောင်း ပြောဆိုသွားသည်။

ထိုသို့ကုလသမဂ္ဂ၏ ကြေညာချက်နှင့် တချိန်တည်း လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထုတ်ပြန်သည့် ကြေညာချက်အရ ကလေးစစ်သား အသုံးပြုမှု နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံသည် ထိပ်ဆုံးတွင်ရှိနေကြောင်း ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံတွင် ကလေးစစ်သားဦးရေ (၂၀,၀၀၀)ခန့်ရှိနေပြီး ၎င်းပမာဏမှာ အလွန်တရာ စိုးရိမ်စရာကောင်းသော အခြေအနေဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် အသက်(၁၂)နှစ် အောက်ကလေးများကိုပါ စစ်တပ်ထဲ ဇွတ်အတင်းသွတ်သွင်းနေကြောင်း၊ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ကြေညာချက်ထဲတွင် ဖော်ပြထားကြောင်း သိရသည်။

❖ ❖ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ၁၉၉၁ ခုနှစ်၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် မစ္စတာ ဟိုဆေးရာမို့(စ်)ဟော်တာသို့ အိတ်ဖွင့်ပေးစာ

မှ၊
အရှင်ခေမာစာရ
မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ
မြန်မာနိုင်ငံ


မြန်မာနိုင်ငံလုံးဆိုင်ရာရဟန်းပျိုသမဂ္ဂ ဥက္ကဋ္ဌ အရှင်ခေမာစာရ

သို့၊
မစ္စတာ ဟိုဆေးရာမို့(စ်)ဟော်တာ
အရှေ့တီမော(လ်)နိုင်ငံ

နေ့စွဲ – ၁၃/၁၂/၂၀၀၂

ရည်ညွှန်း။ ။ Feature Magazine သတင်းထောက်တဦးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံဒီမိုကရေစီကြိုးပမ်းကြရာတွင် ဗုဒ္ဓဘာသာ သံဃာတော်များနှင့် သက်ဆိုင်သော ပြောဆိုချက်။

လေးစားအပ်သော ဒါယကာတော် မစ္စတာ ဟိုဆေးရာမို့(စ်)ဟော်တာ ....

မင်္ဂလာပါ။ ကျန်းမာတယ်လို့ မျှော်လင့်တယ်။ ဒါယကာတော်နဲ့တကွ တီမော(လ်)ပြည်သူတွေအားလုံး ကျန်းမာနိုင်စေရန် မေတ္တာပို့သလိုက်တယ်။ လွတ်လပ်သော တီမော(လ်)နိုင်ငံတော်အတွက်လည်း တီမော(လ်)ပြည်သူများနဲ့အတူ ဝမ်းမြောက်ကြောင်း ဖော်ပြလိုတယ်။ ဒါဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်တာ မဟုတ်ဘူး။ အာဆီယံပြည်သူများရဲ့ အပြုသဘော ဆက်ဆံရေးမူအရ စိတ်ဓာတ်နဲ့ ပြောဆိုတာဖြစ်တယ်။

အင်း.... စာရေးရခြင်းအကြောင်းကတော့ အထက်ဖော်ပြပါအတိုင်း မြန်မာနိုင်ငံလွတ်မြောက်နယ်မြေမှာ ရိုက်နှိပ်ပြီး ၂၀၀၂ ခု၊ ဖေဖော်ဝါရီလမှာ ထုတ်ဝေတဲ့ အမှတ်(၂၈) "မိုးကြိုးသတင်းစဉ်" အချပ်ပိုစာမျက်နှာ(၄)မှာ ဖော်ပြထားတဲ့ "မြန်မာနိုင်ငံ ဒီမိုကရေစီရေး ကြိုးပမ်းမှုနဲ့ သံဃာ့အခန်းကဏ္ဍ"ကို ဖတ်ရှုရတော့ ဒီစာကို ရေးဖို့ စိတ်ကူးရခဲ့တာဖြစ်တယ်။ "မိုးကြိုးသတင်းစဉ်"က ဖော်ပြတာဟာ ဒါယကာတော်နှင့် Feature Magazine သတင်းထောက်တဦးတို့ တွေ့ဆုံစဉ် ပြောဆိုခဲ့ကြောင်း ဖော်ပြထားတယ်။ ဒါနဲ့ ပတ်သက်ပြီး

(၁) မြန်မာနိုင်ငံ ဒီမိုကရေစီရေးကြိုးပမ်းမှု

(၂) ၎င်းကြိုးပမ်းရာတွင် ဗုဒ္ဓဘာသာ သံဃာတော်များအခန်းကဏ္ဍဆိုပြီး အပိုင်း (၂) ပိုင်းတွေ့မြင်နိုင်ပါတယ်။

(၁)ကိုတော့ ယေဘုယျသာ သုံးသပ်ပြသွားလိုပြီး၊ (၂)ကိုတော့ ဒီပေးစာမှာ အနည်းငယ် အကျယ်ချဲ့ဖော်ပြဖို့ လိုအပ်လိမ့်မယ်လို့ထင်တယ်။ ဒီပေးစာရဲ့ အဓိကရည်ရွယ်ချက်လည်း ဖြစ်နေလို့ပါပဲ။

မြန်မာနိုင်ငံ ဒီမိုကရေစီရေးကြိုးပမ်းမှု ယေဘုယျအခြေအနေ

အဲဒီ(၁)မှာ ဒါယကာတော်ရဲ့ ထင်မြင်ချက်အပေါ်မှာပဲ ပြန်ပြီးပြောပြချင်တယ်။ ဟုတ်တယ်၊ ၁၉၈၈ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ အလွန်နိမ့်ကျသွားတယ်။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံထဲမှာ ပါဝင်ခဲ့ရတာရယ်၊ ဥပဒေမဲ့ အုပ်ချုပ်မှုအောက်မှာနေရတာရယ် ဒါတွေဟာ အဓိကအားဖြင့် မြန်မာနိုင်ငံဒီမိုကရေစီလှုပ်ရှားမှုကို ပေါ်ပေါက်စေတာပါပဲ။ အင်ဒိုနီးရှားနဲ့ အာဏာရှင်စနစ်ကျင့်သုံးမှုခြင်း တူကြပေမယ့် မြန်မာနိုင်ငံဟာ အင်ဒိုနီးရှားထက် စီးပွားရေးနိမ့်ကျနေတယ်ဆိုတာ အမှန်ပါပဲ။ ဒါကြောင့်မို့လို့ လူထုပေါက်ကွဲမှုဟာ အင်ဒိုနီးရှားထက် မြန်ခဲ့တယ်။



အင်ဒိုနီးရှားပြည်သူတွေဟာ အချိန်တိုတိုနဲ့ စစ်အာဏာရှင်ကို တိုက်ဖျက်နိုင်ခဲ့တယ်။ အချိန်တိုတိုနဲ့ ဒီမိုကရေစီရအောင်လုပ်နိုင်ခဲ့တာဟာ မြန်မာနိုင်ငံဒီမိုကရေစီလှုပ်ရှားမှုဂယက်ကြောင့်ဆိုရင် မမှားပါဘူး။ ဘာကြောင့်လဲဆိုရင်တော့ စစ်အာဏာရှင်တွေအုပ်ချုပ်ထားတဲ့ မြန်မာနိုင်ငံ အာဆီယံထဲဝင်ဖို့ ကြိုးစားရာမှာ ယခင် အင်ဒိုနီးရှားသမတ ဆူဟာတိုဟာ အဓိက ထောက်ခံသူထဲ ပါဝင်ခဲ့တယ်။ ဒီတော့ လက်မခံဖို့ တိုက်တွန်းနေသူတွေနဲ့ တိုက်တိုက်ဆိုင်ဆိုင် ရင်ဆိုင်ခဲ့ရတယ်။ အင်ဒိုနီးရှားမှာ ရင်းနှီးမြှုပ်နှံကြတဲ့သူတွေ (မြန်မာနိုင်ငံဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံသူတွေ) အဲဒီတုန်းက အင်ဒိုနီးရှားက ပြန်ထွက်သွားကြတော့ အင်ဒိုနီးရှားမှာ စီးပွားရေးကပ်ဆိုက်ခဲ့တာကို မှတ်မိကြလိမ့်မယ်လို့ ထင်တယ်။ ဒါနဲ့ပတ်သက်လို့ လူထုမကျေနပ်မှုတွေဖြစ်ပေါ်လာပြီး အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရရှိရေး ကြိုးပမ်းမှုတွေ ပြင်းပြင်းထန်ထန် တရစပ်ပေါ်ပေါက်လာတာတွေ့ရတယ်။ ဒါပေမယ့် သမတဆူဟာတိုအစိုးရကို ချီးကျူးစရာကောင်းတာက မြန်မာနိုင်ငံစစ်အစိုးရလို "လူနှစ်သန်းထက် မသတ်ရဘူး၊ ငြိမ်းသွားမှာပါ၊ ခေတ်မီးတိုင်ပဲ ကျန်ရင်လဲ ခေတ်မီးတိုင်ကို အုပ်ချုပ်မှာပဲ"ဆိုပြီး အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်ခဲ့ တာမရှိဘူး။ သူ့ဟာသူ အခြေအနေမလှတော့ ဆင်းပေးခဲ့တယ်။ ပြည်သူလည်း မနာဘူး၊ နိုင်ငံလည်း မနာဘူး။



ဒီလို အင်ဒိုနီးရှား အပြောင်းအလဲဖြစ်သွားတာ တီမော(လ်)အတွက်လည်း အများကြီး တိုးတက်မှုရှိလာတယ်လို့ ပြောရပါလိမ့်မယ်။ တီမော(လ်) လွတ်မြောက်လာဖို့ အထောက်အကူဖြစ်စေတယ်လို့ ဆိုရပါလိမ့်မယ်။ တီမော(လ်)အတွက် နိုင်ငံရေး တိုက်အားကောင်းလာခဲ့တာကို တွေ့ရတယ်။ သတိပြုမိဖို့လိုတာက တီမော(လ်)ပြည်သူတွေ လွတ်မြောက်ရေးလှုပ်ရှားမှုဟာ နှစ်ပေါင်း(၂၄)နှစ်ကြာစေခဲ့တယ်ဆိုတဲ့အချက်ပါပဲ။ ၁၉၈၈ ခုနှစ်က စတင်ခဲ့တဲ့ မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီကြိုးပမ်းမှုဟာ "ရပ်တန့်နေတယ်" ဆိုတာ မမှန်ပါဘူး။

ရှေ့လတွင် ဆက်လက်ဖော်ပြပါမည်။

## ဒုတိယအကြိမ်မြောက် ကရင်အမျိုးသားနှီးနှောဖလှယ်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီး ကရင်အမျိုးသားညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ချက်များ ချမှတ်ခဲ့

ဒီဇင်ဘာ၊ ၃ ရက်

ဒုတိယအကြိမ်မြောက် ကရင်အမျိုးသားနှီးနှောဖလှယ်ပွဲတရပ်ကို ထိုင်း–မြန်မာ နယ်စပ် လွတ်မြောက်နယ်မြေတနေရာတွင် ဒီဇင်ဘာလ(၁၈)ရက်မှ (၂၀)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ နယ်စပ်ဒေသနှင့် အဝေးရောက် ကရင်အဖွဲ့အစည်း(၁၂)ဖွဲ့မှ ခေါင်းဆောင်များနှင့် အထူးဖိတ်ကြားထားသူများ အပါအဝင် ကရင်အမျိုးသား၊ အမျိုးသမီး ခေါင်းဆောင် စုစုပေါင်း(၈၅)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို ထောက်ခံကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရေးလှုပ်ရှားခေါင်းဆောင်မှုကို အပြည့်အဝထောက်ခံကြောင်း၊ အခြားသော ဒီမိုကရေစီအင်အားစုများနှင့် ပိုမိုလက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီရေးဆောင်ရွက်မှုအပေါ် မြန်မာပြည်သူများ အင်တိုက်အားတိုက် ထောက်ခံနေဆဲဖြစ်သည်ကို အားရဝမ်းသာဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။



ဒုတိယအကြိမ်မြောက် ကရင်အမျိုးသားနှီးနှောဖလှယ်ပွဲအပြီး အမှတ်တရ

ထိုနှီးနှောဖလှယ်ပွဲတွင် ကရင့်တော်လှန်ရေးအခြေအနေများနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဝေဖန်ထောက်ပြခြင်းဖြင့် ကရင်အမျိုးသားများအတွင်း နားလည်မှု၊ စုစည်းမှုများ ပိုမိုရရှိခဲ့သည်ဟု (KNU) ပြောခွင့်ရပုဂ္ဂိုလ် မန်းငြိမ်းမောင်က ပြောကြားခဲ့သည်။ "ပွင့်ပွင့်လင်းလင်း ကေအဲန်ယူနဲ့ ပတ်သက်လို့လည်း ဝေဖန်ဆွေးနွေးအကြံပေးမှုတွေ အားနည်းချက်တွေ ထောက်ပြဖို့ ကျွန်တော်တို့ ကေအဲန်ယူက ကမ်းလှမ်းတဲ့အပေါ်မှာ တက်ရောက်လာတဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ လူငယ်တွေက ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြတဲ့အခါကျတော့ တဦးကိုတဦး ပိုပြီးတော့ နားလည်လာကြတယ်။ စည်းလုံးညီညွတ်မှု၊ ချစ်ကြည်မှုကို ပိုပြီးတော့ တည်ဆောက်နိုင်ပါတယ်"လို့ Network Media သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် စသည်တို့ကို ပြောဆိုခဲ့ကြသည်ဟု သိရသည်။

ထိုနှီးနှောဖလှယ်ပွဲမှ အချက်(၁၁)ချက်ပါရှိသည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ပြီး အဆိုပါဆုံးဖြတ်ချက် နိဂုံးချုပ်အနေဖြင့် ကရင်ပြည်သူများအပေါ် ထိုးစစ်ဆင်နေမှုကို ရပ်ဆိုင်းရန်နှင့် အနှစ်သာရရှိသော နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုမှတဆင့် နိုင်ငံရေးပြဿနာများကို တရားမျှတစွာ ဖြေရှင်းရန်အတွက် နအဖကို တောင်းဆိုလိုက်ကြောင်း ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပထမအကြိမ် ကရင်အမျိုးသားနှီးနှောဖလှယ်ပွဲကို ၁၉၉၉ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့ပြီး ကရင်အဖွဲ့အစည်း(၉)ဖွဲ့မှ ကိုယ်စားလှယ်(၇၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

❖ ❖ ❖

မိုးကြိုး သတင်းစဉ်
သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။
P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

BiNA
Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။
အယ်ဒီတာ
ခင်လွန်း
P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com
www.binamojo.org

# ဦးအောင်ကြီးနှင့် အာရ်အဖ်အေ ဆက်သွယ်မေးမြန်းခန်းကို မိုးကြိုးသတင်းစဉ်မှ ကောက်နုတ်ဖော်ပြချက်

မေး– ဦးနေဝင်းကြောင့် တိုင်းပြည် ချောက်ထဲကျခဲ့ရတယ်။ တိုင်းပြည်စီးပွားရေးပျက်ခဲ့ရတယ်ဆိုတော့ ဦးနေဝင်းတယောက်တည်း ဒါတွေလုပ်လို့ ရပါ့မလား။ သူ့ရဲ့အပေါင်းအပါတွေမှာရော တာဝန်ရှိတယ်လို့ ယူဆပါသလား။

ဖြေ– ဦးနေဝင်းအပေါင်းအပါတွေက အကုန်လုံး ဦးနေဝင်းကို ကြည့်ပြီးတော့ ဦးနေဝင်း ကြိုက်တာ အကုန်လိုက်ကြိုက်တဲ့ လူချည်းပဲ။

မေး– ဘာလို့ဆိုတော့ နိုင်ငံရေးမျိုးဆက်သစ်တွေ မေးလာတယ်လေ။ ဒါတွေက ဦးနေဝင်းတယောက်တည်း အပြစ်ပုံချလို့ ရနိုင်မလားတဲ့။ ဦးနေဝင်းရဲ့ ဘေးက အပေါင်းအပါတွေ၊ ဒီစစ်ဗိုလ်တွေကရော သူတို့မှာ တာဝန်မရှိဘူးလားလို့ သမိုင်းပေးတာဝန်ဆိုပြီးတော့ မေးလာကြပါတယ် ခင်ဗျာ။

ဖြေ– သမိုင်းပေးတာဝန်အရတော့ အကုန်ရှိတယ်။ အကုန်လုံးက ရပ်ခံနေရတဲ့ လူတွေချည်းပဲ။ ဗိုလ်ချုပ်စန်းယုတို့ဆိုရင် အမလေး.... အစက သူ့ကို ဒါဒါလို့ခေါ်တယ်။ သူက ဓားသာရှိတယ်။ အသွားမပါဘူး။ ကျန်တဲ့ သိန်းစိန်တို့၊ ကျော်စိုးတို့ ဘာတို့ ဗိုလ်ချုပ်နေဝင်းဆီက ဟိုးကတည်းက ထွက်တဲ့ လူတွေချည်းပဲ။ အဲဒီမှာချထားပြီးတော့ အဲဒီကောင်တွေ အကုန်လုံးက ဗိုလ်နေဝင်းကို လိုက်ဖေဘာ (Favour) လုပ်တယ်။ အကုန်လုံးက ဖော်လံဖား ကောင်တွေချည်းပဲ။

မေး– ဦးနေဝင်းကွယ်လွန်သွားပြီးတဲ့နောက်ပိုင်း မြန်မာ့နိုင်ငံရေးအခြေအနေတွေကို ဗိုလ်ချုပ်အနေနဲ့ ဘယ်လိုမျိုးမြင်ပါသလဲ။

ဖြေ– အခုအာဏာလက်ကိုင်ထားတဲ့ လူတွေဟာ တကယ်တော့ ဒီမိုကရေစီလမ်းကြောင်းကို ပြန်တက်သင့်တယ်လို့ တို့ကထင်တယ်ကွယ်။ သူတို့ကလည်း တိုင်းပြည်အတွက် ကောင်းအောင် လုပ်နိုင်သလောက် လုပ်ခဲ့ပြီးပြီ။ စီးပွားရေးမှာ အခုဟာ အကုန်လုံး အစစအရာရာဈေးနှုန်းတွေ တက်သွားတာ။ အခုကျတော့ ငါးဖယ်တောင် ၃၀၀၀–၄၀၀၀ နော်။ နောက်ပြီးတော့ အခုတော့ ပဲပြုတ်တောင် မစားနိုင်တဲ့ ဘဝကို ရောက်သွားတယ်ကွာ။ အခုလက်ရှိတာဝန်ခံတွေဟာ ဒီ ဦးနေဝင်းရဲ့ နမူနာယူပြီးတော့၊ ကမ္ဘာတခုလုံးမှာ ကျင့်သုံးတဲ့ ဒီမိုကရေစီတိုင်းပြည်ကို စဉ်းစားသင့်နေပြီလို့ ကိုယ်ကတော့ တိုက်တွန်းချင်တာပဲကွာ။

မေး– ဟုတ်ကဲ့။ အဲလို တိုက်တွန်းတဲ့အပေါ်မှာရော ဒီ လက်ရှိ နအဖ စစ်ခေါင်းဆောင်တွေက လိုက်နာမယ်လို့ ယူဆပါသလားခင်ဗျာ။

ဖြေ– တကမ္ဘာလုံးမှာရှိတဲ့ စစ်အစိုးရတွေဟာ စီးပွားရေးမနိုင်လို့၊ လက်တင်အမေရိက, က လူတွေလည်း အကုန်လုံး လက်မြှောက်ရတယ်ကွာ။ အဲ တပြည်လုံးက စီးပွားရေးအကျပ်အတည်းကြီးက အရမ်းကြီးသွားတော့ သူတို့လည်း ထွက်ပေါက်မရှိတော့ဘူး ထင်တယ်နော်။ အဲဒါကြောင့် သူတို့ဟာပြောင်းလဲဖို့၊ ဗိုလ်ချုပ်ကြီးမရှိတော့တဲ့အချိန်မှာ ပြောင်းလဲဖို့ သူတို့စိတ်အသစ်ပေါ်ပါစေလို့ပဲ ဆုတောင်းတာပဲ။

မေး– နအဖ စစ်အစိုးရနဲ့ ကျနော်တို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲန်အယ်ဒီပါတီတို့ တွေ့ဆုံဆွေးနွေးရေးကိစ္စတွေအပေါ်မှာရော ဘာပြောချင်ပါသလဲ ခင်ဗျာ။

ဖြေ– အခုထက်ထိကွာ ဘယ်နှစ်နှစ်ရှိပြီလဲ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးတာ အခု ၃–၄ နှစ်ရှိပြီ။ တကယ်တော့ တပြည်လုံးက မဲအကုန်လုံးရတာနဲ့ တောင် ဘာမှ မလုပ်နိုင်တာ။ တကယ်တော့ သူကလည်း ဗမာပြည်အတွက် ဘာမှ ဟုတ်တိပတ်တိ ဘယ်တုန်းကမှ မလုပ်ဘူးပေါ့နော်။ ဒီစီးပွားရေးအခြေအနေ၊ တောင်သူလယ်သမားကိစ္စတွေ၊ ဘာတွေ၊ ဒီအမျိုးသမီးလည်း လုပ်နိုင်စရာ တော်တော်ခက်မှာပေါ့ကွာ။ စီးပွားရေးက သိပ်တက်သွားပြီကွာ။ ယိုးဒယားနဲ့ မယှဉ်နိုင်လောက်အောင် ကျသွားပြီ။

မေး– ဟုတ်ပြီ၊ ဒါဆိုလို့ရှိရင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အဲန်အယ်လ်ဒီ ပါတီကို ဗိုလ်ချုပ်အနေနဲ့ ဘယ်လိုမျိုး အကြံပေးချင်ပါသလဲ ခင်ဗျား။

ဖြေ– အဲန်အယ်ဒီကတော့ အဲဒီမှာ ဦးဆောင်နေတဲ့ ဗိုလ်ချုပ်အောင်ရွှေတို့ ဘာတို့ သူတို့တွေဟာ တကယ်တော့ တိုင်းပြည်ချစ်သလောက် ငါတို့နဲ့ အတူ လွတ်လပ်ရေးတိုက်ပွဲမှာ တောက်လျှောက်ပါလာတဲ့လူတွေကွာ။ အဲဒီမှာရှိနေတဲ့ အများစုက။ အဲဒီတော့ သူတို့ဟာ အကုန်လုံး ပြန်စဉ်းစားပြီးတော့လေ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ၊ အခြေခံဥပဒေကြီးဟာ ကျောက်တိုင်ကြီးမှာ အကုန်ရေးထားတယ်ကွာ။ အဲဒါကို အခြေခံပြီးတော့လေ တိုင်းပြည်က ခုန လွတ်လပ်တဲ့ရွေးကောက်ပွဲလုပ်ပြီးတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ၊ ကိုယ်ဖြစ်ချင်ရာ ထည့်ပြီး ပြန်ပြီး အကောင်အထည်ဖော်မှပဲ ဖြစ်တော့မယ်လို့ပဲ ယုံတယ်။

❖ ❖ ❖

# ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောနှင့် မိုးကြိုးသတင်းစဉ် ဆယ်သွယ်မေးမြန်းချက်



ရဲဘော်သုံးကျိပ်ဝင်
ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော

> "တပ်မတော်ဖြိုခွဲရေး မလုပ်ဘဲ တပ်မတော်ပြုပြင်ရေးကို
> အခုအချိန်မှာ လုပ်သင့်တယ်။
> ဒီမိုကရေစီလိုလားတဲ့ တပ်မှူး၊ တပ်ကြပ်၊ တပ်သား
> (အဟောင်းအသစ်)အားလုံးနဲ့ လက်တွဲပြီး
> "တပ်မတော်ပြုပြင်ရေး" လုပ်ချင်တယ်။
> ပြီးတာတွေ ပြီးပါစေတော့"

မေး– မြန်မာ့တပ်မတော်မှာ ဗိုလ်နေဝင်းက မွေးစားဖခင်ကြီးနေရာရယူဖို့ ကြိုးစားခဲ့တဲ့အပေါ် ဗိုလ်ချုပ်ရဲ့ အမြင်ကို ပြောပြပေးပါလား ခင်ဗျား။

ဖြေ– သူ့ရဲ့နိုင်ငံရေးနောက်ခံသမိုင်းနဲ့ သူ့ခြေလက်စတွေ ပြန်ကြည့်မှ ရုပ်လုံးပေါ်လာမယ်ထင်တယ်။ သူဟာ သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့အဖွဲ့ကလာသူဖြစ်တယ်။ ဂျပန်ခေတ်မှာ သခင်စိုးက ချီးမြှောက်လိုက်လို့ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ဗဟိုကော်မတီခေတ္တဖြစ်ဖူးတယ်။ သခင်စိုးရဲ့ဉာဉ်က စိတ်ကြိုက်တွေ့ရင် တင်ပေး၊ စိတ်ကြိုက်မတွေ့ရင် ဖြုတ်ပစ် လုပ်လေ့ရှိတယ်။ အဲဒီလို လုပ်ခဲ့တာ မနည်းဘူး။ ဗိုလ်နေဝင်းမှ မဟုတ်ဘူး။ ဗိုလ်နေဝင်းဟာ ဆိုရှယ်လစ်စစ်ဗိုလ်တွေဖြစ်တဲ့ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီးတို့က ဆရာမွေးတာလည်း လက်ခံထားတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရတော့ ဒီကိစ္စမှာ သူမပါကြောင်း ထောက်ခံချက်ပေးဖို့ သခင်သန်းထွန်းဆီ ပြေးကပ်တယ်။ လွတ်လပ်ရေးခေတ်ရောက်တော့ ဆိုရှယ်လစ်အုပ်စုရဲ့ ထောက်ခံမှုကို ရခဲ့တယ်။ ဒီထောက်ခံမှုအားနဲ့ ဦးနုကို အယုံသွင်းပြီး စစ်ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ဒုဝန်ကြီးချုပ် စတဲ့ရာထူးတွေရအောင် လုပ်နိုင်ခဲ့တယ်။

သူဟာ စစ်တပ်ရဲ့အခန်းကဏ္ဍကို သိသူဖြစ်လို့ စစ်တပ်ရဲ့ထိပ်ပိုင်းရာထူးကို တလျှောက်လုံး ကိုင်ထားနိုင်အောင် လုပ်ခဲ့တယ်။ တပ်မတော်ရဲ့ဖခင်ဟာ ဗိုလ်ချုပ်အောင်ဆန်းလို့ တပ်မတော်ကရော၊ လူထုကပါ လက်ခံထားပြီးဖြစ်တော့ သူက မွေးစားဖခင်ပါလို့ လုပ်ရတာ ဖြစ်တယ်။

မေး– ဗမာပြည်ကွန်မြူနစ်ပါတီ စတင်ဖွဲ့စည်းခဲ့စဉ်က ဗိုလ်နေဝင်း ပါဝင်ပတ်သက်ခဲ့ပုံနဲ့ ၆၂ အာဏာသိမ်းပြီးနောက်ပိုင်း ကွန်မြူနစ်ပါတီအပေါ် အငြိုးတကြီး ဖြိုခွင်းခဲ့တဲ့ အပေါ် ဗိုလ်ချုပ်ရဲ့ အမြင်ကို ပြောပြပေး ပါလား။

ဖြေ– ဗမာပြည်ကွန်မြူနစ်ပါတီ စတင်ဖွဲ့စည်းတဲ့ကိစ္စနဲ့ ဗိုလ်နေဝင်း ဘာမှမဆိုင်ဘူး။ အဲဒီတုန်းက သူဟာ ဗစိန်–ထွန်းအုပ် ကွန်မြူနစ်ဝါဒဆန့်ကျင်ရေးဂိုဏ်းထဲက လူငယ်တယောက်ပဲ။ ကွန်မြူနစ်ပါတီကို အပြီးအပိုင်ချေမှုန်းချင်သူပဲ။ သူဟာ သေနင်္ဂဗျူဟာအမြင်ရှိသူဖြစ်တယ်။ သူ့ မတော်လောဘအတွက်ဆိုရင် ဘာမဆိုလုပ်ဝံ့တဲ့ မက်ခီယာဗယ်လီ (Machiavelli)ဝါဒီတဦးပဲ။ တပ်ထဲက ပြိုင်ဘက်တွေကို သူ့အဆင့်နေရာ အသုံးချပြီး လွယ်လွယ်ဖယ်ရှားလို့ရတယ်။ သူဖြုတ်ခဲ့သူတွေ သိပ်များပါတယ်။ မြေပေါ်နိုင်ငံရေးပါတီတွေကိုလဲ ဘယ်ပါတီမှ မထားဝံ့ဘူး။ ဖျက်ပစ်တာပဲ။ တချို့ကိုတော့ ဆိုရှယ်လစ်အတုအယောင်နဲ့ သိမ်းသွင်းပစ်လိုက်တယ်။

ကွန်မြူနစ်ပါတီကိုတော့ သူဖျက်လို့မရဘူး။ သူ့ကို နိုင်ငံရေးအရ၊ စစ်ရေးအရ အန်တုနိုင်စွမ်း ရှိတယ်။ ဗကပကို ဖျက်ဖို့ဆိုရင် ဘယ်သူ့ခြေသလုံးဖက်ပြီး တောင်းပန်ရ၊ တောင်းပန်ရ သူ့အနေနဲ့ လုပ်ဝံ့တယ်။ တရုတ်ခေါင်းဆောင်တွေကို အဲဒီလို သူ တောင်းပန်ခဲ့တာပဲ။

မေး– ရဲဘော်သုံးကျိပ်ဘဝမှာ ဗိုလ်နေဝင်းအပေါ် ရှုမြင်ခံစားပုံနဲ့ နောက်ပိုင်း ပြောင်းလဲသွားရတဲ့ ဗိုလ်ချုပ်ရဲ့အမြင်ကို ရှင်းပြပေးပါလား ခင်ဗျား။

ဖြေ– ရဲဘော်သုံးကျိပ်ဘဝမှာတော့ အားလုံးက တိုင်းပြည်လွတ်လပ်ရေးအတွက် အရာရာကို စွန့်လွှတ်ပြီးလာကြသူတွေဖြစ်တယ်။ သူက အသက်ကြီးတော့ လူကြီးပိုင်းမှာ နေရာပေးထားတာပဲ။ သူက ဗစိန်–ထွန်းအုပ် ဂိုဏ်းကလာသူတွေရဲ့ ခေါင်းဆောင်တောင် မဟုတ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းကလဲ သူ့ကို နေရာပေးကြဖို့ အမြဲပညာပေးနေလို့ပဲ။

"နောက်ပိုင်း မုန်းသွားရသည်"လို့ ပြောတာက ပုဂ္ဂိုလ်ရေးအရပြောတာ မဟုတ်ပါ။ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးဘက်ကနေ ပြောတာသာဖြစ်ပါတယ်။ သူလုပ်ခဲ့တဲ့ ပြစ်မှုတွေ များလွန်း၊ ကြီးလွန်းလို့ ဖြစ်တယ်။ သူဖျက်ခဲ့လို့ တိုင်းပြည်မွဲပြာကျသွားတယ်။ 'တပ်မတော်'လဲ လူထုရဲ့ရန်ဘက်ဖြစ်သွားတယ်။ သူပေးခဲ့တဲ့ အမွေဆိုးတွေလဲ အများကြီး၊ ဒါ့ကြောင့် ခပ်တိုတို မုန်းတယ်လို့ ပြောလိုက်တာပဲ။

မေး– သူဟာ ဗမာပြည်နိုင်ငံရေး သမိုင်းဇာတ်ခုံပေါ်မှာ တခြားသူတွေနဲ့ မတူအောင် ဘယ်လိုလှုပ်ရှား ပါဝင်ခဲ့ပါသလဲ။ သူ့ထူးခြားချက်က ဘာပါလဲ။

ဖြေ– ပထမဆုံးမေးခွန်းရဲ့ အဖြေမှာ သူ့နိုင်ငံရေး ဖြတ်သန်းမှုကို ပြောပြခဲ့ပါပြီ။ အဲဒီမှာမြင်နိုင်တာက သူဟာ ဘယ်အချိန်မှာ ဘယ်သူ့ကို ဘယ်လိုကပ်ရမယ်ဆိုတာသိတယ်။ အဖွဲ့အစည်းပေါင်းစုံထဲ ထိပ်ပိုင်းကနေ ဝင်ဖူး၊ ထွက်ဖူး၊ ဆက်ဆံဖူးတော့ အားလုံးရဲ့အကြောင်း သိနေတယ်။ နိုင်ငံရေးအကင်းပါးသူဖြစ်တယ်။ ဘယ်သူ့ကို ဘယ်လိုကိုင်ရမယ်ဆိုတာသိတယ်။ ကိုယ့်အခက်အခဲရှိရင်၊ လိုလားချက်ရှိရင် ဘယ်သူ့အောက်ကို လျှိုဝင်ရ ဝင်ရ ဝင်တယ်။ လှန်လို့ရပြီဆိုတာနဲ့ ဘယ်သူ့ကျေးဇူးမှ မထောက်ထားဘဲ ခပ်ပြတ်ပြတ်လှန်ပစ်လိုက်တာတွေ့နိုင်တယ်။

မေး– ယနေ့တပ်မတော်ရဲ့ နိုင်ငံရေးနဲ့ ဒီတပ်မတော်က မျက်မှောက် တိုင်းပြည်အပေါ် ဘယ်လိုသဘောထားရမယ်ဆိုတာ ဗိုလ်ချုပ်ရဲ့အမြင်ကို သုံးသပ်ပေးပါလား ခင်ဗျား။

ဖြေ–ဒီနေ့အခြေအနေဟာ တပ်မတော်ပြိုကွဲမယ့်အခြေအနေ၊ တိုင်းပြည်ပြိုကွဲမယ့် အခြေအနေရှိနေတာကို ထောက်ပြပြီး ထွက်ပေါက်အဖြစ် ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖတို့ရဲ့ဆွေးနွေးပွဲများမှာ ပြည်သူ့အကျိုးကို အခြေခံပြီး အောင်မြင်ထမြောက်အောင် ဆွေးနွေးဖို့ တိုက်တွန်းထားပါတယ်။ တပ်မတော်ကိုလဲ ကျနော်တို့ တပ်မတော် စတင်တည်ထောင်ခဲ့စဉ်ကထားခဲ့တဲ့ သဘောထား (၄)ရပ်ကို လိုက်နာကျင့်သုံးဖို့ ပန်ကြားခဲ့ပါတယ်။ အဲဒါတွေကတော့ –

၁။ နိုင်ငံတော်ကို ကာကွယ်သည့်တပ်မတော်၊

၂။ ပြည်သူ့ဆန္ဒနှင့်အညီ နေထိုင်ကျင့်ကြံသည့် တပ်မတော်၊

၃။ နိုင်ငံရေးတွင် ဝင်မစွက်သည့် တပ်မတော်၊

၄။ တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို လိုလားသည့် တပ်မတော်တို့ ဖြစ်တယ်။

တပ်မတော်ပြိုကွဲရုံနဲ့ စစ်အာဏာရှင်စနစ်ကို ဖယ်ရှားပစ်နိုင်မှာ မဟုတ်ဘူး။ ဒီမိုကရေစီအစိုးရပေါ်လာမှာ မဟုတ်ဘူး။ ငကန်း သေ၊ ငစွေ ပေါ်မှာပဲ။ ဖြစ်ရမှာက NLD နဲ့ အမြန်စေ့စပ်၊ ပြည်သူ့ဆန္ဒကို လေးစားလိုက်နာပြီး အာဏာပြန်အပ်၊ ဒီမိုကရေစီတပ်မတော်ဖြစ်အောင် ပြုပြင်ယူရမယ်။ ဖိလစ်ပိုင်မှာ၊ အင်ဒိုနီးရှားမှာ တပ် မပြိုကွဲဘဲ အာဏာရှင်ကို ဖယ်ရှားပစ်နိုင်ခဲ့တာပဲ မဟုတ်လား။ ဗမာပြည်မှာလဲ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။

ရန်သူ့တပ် ဖြိုခွဲရေးကို လက်နက်ကိုင်တိုက်ပွဲကာလက ဗကပလောက် ဘယ်သူမှ မလုပ်နိုင်ပါဘူး။ ဒါက ဟိုတုန်းက အခြေအနေ။ ဒီနေ့အခြေအနေမှာ အဲဒီလို မလုပ်သင့်ဘူး။ တိုင်းပြည်အတွက်၊ ပြည်သူအတွက် အကျိုးမရှိလို့ပဲ။ တပ်မတော်ဖြိုခွဲရေး မလုပ်ဘဲ တပ်မတော်ပြုပြင်ရေးကို အခုအချိန်မှာ လုပ်သင့်တယ်။ ဒီမိုကရေစီလိုလားတဲ့ တပ်မှူး၊ တပ်ကြပ်၊ တပ်သား(အဟောင်းအသစ်)အားလုံးနဲ့ လက်တွဲပြီး "တပ်မတော်ပြုပြင်ရေး" လုပ်ချင်တယ်။ ပြီးခဲ့တာတွေ ပြီးပါစေတော့။



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

## ရခိုင်ပြည်နယ်သို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချမှု ပိတ်ပင်ထားသည့်အတွက် ပြည်သူလူထု အခက်ကြုံနေရ

ကာဒါလန်သတင်းဌာန

မြန်မာပြည်နောက်ပိုင်း ရခိုင်ပြည်နယ်ဘက်သို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်းကို ပြီးခဲ့သည့် စက်တင်ဘာလ (၂၅)ရက်နေ့မှစ၍ နအဖ အာဏာပိုင်များက ပိတ်ပင်ခဲ့သည့်အတွက် ကုန်ဈေးနှုန်း အဆမတန် မြင့်တက်လာနေကြောင်း သိရသည်။

နေ့စဉ်သုံး အခြေခံစားသုံးကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုးတို့ကို ယခုလိုပိတ်ပင်ခဲ့သည့်အတွက် ယခင်က ကြက်သွန်နီ တပိဿာ(၈၀)ကျပ်မှ ယခု (၅၀၀)ကျပ်အထိ မြင့်တက်သွားပြီး စားသုံးဆီ တပိဿာလျှင် အနည်းဆုံး ကျပ်(၂၀၀၀) ဖြစ်နေသည်ဟုဆိုသည်။ ယခင်နှစ် စပါးပေါ်ချိန် ရာသီဈေးနှုန်းထက် ကျဆင်းသွားခြင်း မရှိကြောင်း သိရသည်။ သတင်းတွင် ဖော်ပြထားရာ၌ စားသောက်ဆိုင်တွင် ဟင်းတနပ်စာ အနည်းဆုံး(၅၀၀)ကျပ် ပေးနေရပြီး ယခင်ကာလများထက် ဆယ်ဆခန့် ဈေးနှုန်း ပိုလာသည်ဟု ဆိုသည်။

ရခိုင်ပြည်နယ်တွင် ထိုသို့ ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်နေခြင်းနှင့် ပတ်သက်၍ ဒီဇင်ဘာလ (၁၈)ရက်နေ့က ဒီမိုကရက်တစ် မြန်မာ့အသံနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ရခိုင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအေးသာအောင်က နအဖ အာဏာပိုင်များအနေဖြင့် ရခိုင်ပြည်နယ်တွင် နေ့စဉ်သုံး အခြေခံစားသောက်ကုန်ဈေးနှုန်း အဆမတန် ကြီးမြင့်နေမှုကို လျှော့ချပေးရန် ပြောသွားခဲ့သည်။

ဒေသခံ အငြိမ်းစား ဝန်ထမ်းတဦး၏ အဆိုကို ကိုးကား၍ အဆိုပါ သတင်းဌာနက ဖော်ပြထားရာတွင် ရခိုင်ပြည်မှထွက်သော ငါးနှင့် လယ်ယာထွက် ကုန်ပစ္စည်းများအား ပြည်မထဲသို့ လွတ်လပ်စွာ ကူးသန်း တင်ပို့နိုင်သော်လည်း နေ့စဉ်သုံး စားသောက်ကုန်များကို ရခိုင်ပြည်နယ်ဘက်သို့ ပြန်လည်တင်ပို့ခွင့် မရှိကြောင်း၊ ထိုသို့ ပြုမူထားခြင်းသည် ရခိုင်ပြည်သူလူထုကို ငတ်ပြတ်ရန် စနစ်တကျ လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း ဖော်ပြထားသည်။ ဆက်လက်၍ အဆိုပါပုဂ္ဂိုလ်က ပင် "ကျနော်တို့ကို ရန်သူတွေသဖွယ် နအဖ မျက်ကန်းမျိုးချစ်တွေက ဆက်ဆံနေတာ ခံနေရတယ်။ ဒီလို လူမျိုးရေးခွဲခြားမှုဟာ အဆိုးဝါးဆုံးကိစ္စပဲ။ ရခိုင်ပြည်နယ်ဟာ ဗမာ ပြည်ထဲမှာ မပါဘူးလား" ဟု ခံပြင်းနာကြည်းစွာ ဖွင့်ဟပြောဆိုသွားခဲ့သည်။

ယခုကဲ့သို့ ပိုမိုဆိုးရွားလာသည့် နှစ်ငါးဆယ်ကြာ ပြည်တွင်းပဋိပက္ခများနှင့် ပြောက်ကျားစစ် လှုပ်ရှားမှုမရှိတော့သည့် ရခိုင်ပြည်နယ်တွင် နအဖတပ်ရင်း (၆၀) ကျော် ချထားခဲ့ခြင်းကြောင့် ဖြစ်ရကြောင်း အဆိုပါသတင်းဌာနက ရေးသားဖော်ပြထားသည်။ ❖

## အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး ဖြိုတိန်က ကူညီမည်

၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့တွင် ရန်ကုန်အခြေစိုက် ဗြိတိသျှသံရုံးမှ မြန်မာနိုင်ငံတွင် AIDS ရောဂါ တိုက်ဖျက်ရေး (၃) နှစ်စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ (၁၅) သန်းကို ဗြိတိသျှ အစိုးရအနေဖြင့် ကုလသမဂ္ဂလက်အောက်ခံ အေဂျင်စီများမှတဆင့် အကူအညီပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု သတင်းရရှိသည်။

အလားတူ ၂၀၀၃ ခုနှစ်တွင် စတင် အကောင်အထည်ဖော်မည့် AIDS ရောဂါ ရရှိနေကြသည့် မိဘမဲ့ကလေးများအား ကျွေးမွေးထောက်ပံ့မည့် အစီအစဉ်တရပ်ကိုလည်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အမေရိကန်ဒေါ်လာ (၄.၇) သန်း ကူညီပေးသွားမည်ဟု သိရှိရသည်။

ထို့အပြင် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေ အဖွဲ့က မြန်မာပြည်ရှိ မြို့နယ် (၁၀)ခုတွင် ရာနှုန်းပြည့် ကွန်ဒွန်အသုံးပြုရေး မြှင့်တင်မှုစီမံချက်အတွက် အမေရိကန်ဒေါ်လာ (၁.၇) သန်း ထည့်ဝင်ကူညီမည်ဟု သိရှိရသည်။

ကုလသမဂ္ဂ အေအိုင်ဒီအက်စ် အေဂျင်စီ၏ အဆိုအရ အဆိုပါစီမံကိန်းများအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ (၃၄)သန်းမျှ လိုအပ်မည်ဖြစ်ပြီး၊ ၎င်းတို့အနေဖြင့် လျာထားချက်၏ သုံးပုံတပုံကို ထောက်ပံ့ပေး ပြီးဖြစ်ကြောင်း သိရှိရသည်။

နအဖအနေဖြင့် AIDS ရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါတို့ကို အရေးကြီးအဆင့် ကူးစက်ရောဂါ (၃) မျိုး အဖြစ် သတ်မှတ်ထားကြောင်းလည်း သိရှိရသည်။

အမျိုးသားကျန်းမာရေးနှင့် ပညာရေး ကော်မတီ (NHEC) နှင့် မြန်မာနိုင်ငံ ဆေးပညာရှင်များအသင်း (BMA) တို့၏ စစ်တမ်းများတွင် မြန်မာနိုင်ငံ၌ HIV ရောဂါပိုး ကူးစက်ခံရသူပေါင်း (၅၃၀,၀၀၀) ခန့်ရှိမည်ဟု ကမ္ဘာ့ကုလသမဂ္ဂ အေအိုင်ဒီအက်စ် UNAIDS အစီအစဉ်မှ ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

၎င်းတို့အနက် (၁၈၀,၀၀၀) သည် အမျိုးသမီးများ ဖြစ်ကြပြီး၊ (၁၄,၀၀၀) မှာ ကလေးသူငယ်များဖြစ်ကြသည်။ ကလေးသူငယ်ပေါင်း (၄၃,၀၀၀) မှာ AIDS ရောဂါကြောင့် မိဘမဲ့များဖြစ်နေကြရသည်။ မြန်မာပြည်၌ လူဦးရေသန်း (၅၀)မျှ ရှိသည့်အနက် အရွယ်ရောက်ပြီးသူ အယောက် (၅၀) တွင် တယောက်နှုန်းမှာ HIV ပိုး ကူးစက်ခံထားကြရသည်။

၁၉၉၇ ခုနှစ်၊ ရန်ကုန်မြို့ မူးယစ်ဆေးဝါး ကုသရေးဌာန၏ စစ်တမ်းအရ မူးယစ်ဆေးစွဲသူများ၏ (၆၅) ရာခိုင်နှုန်းသည် HIV ပိုး ကူးစက်ခံထားရကြောင်း သိရှိရသည်။

၁၉၉၇ ခုနှစ်၌ ရန်ကုန်နှင့် မန္တလေးတို့တွင် ပြုလုပ်ခဲ့သည့် ကျန်းမာရေး စစ်တမ်းများအရ အမျိုးသမီး ပြည့်တန်ဆာများ၏ (၂၆–၃၆) ရာခိုင်နှုန်းမှာ HIV ပိုး ကူးစက်ခံနေရသည်ဟု သိရှိရသည်။ ၁၉၉၇ ခုနှစ်၌ မဲဆောက်ဆေးရုံကြီးမှ ပြုလုပ်ခဲ့သည့် စစ်တမ်းများအရ အမျိုးသမီးပြည့်တန်ဆာများ၏ (၂၅) ရာခိုင်နှုန်းမှာ HIV ပိုး ကူးစက်ခံနေရသည်ဟု သိရှိရသည်။ ❖

## လူကုန်ကူးမှုများ တားဆီးနိုင်မည်လော

စားဝတ်နေရေးကျပ်တည်းမှုများကြောင့် နိုင်ငံနှင့်အဝှမ်း တိုးပွားလာသော လူကုန်ကူးမှုများအား တားဆီးရန် နအဖ အာဏာပိုင်များက ဆောင်ရွက်နေကြပြီး ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိရပ်ကွက်ကျေးရွာများတွင် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် ရဲတပ်ဖွဲ့တို့က လူကုန်ကူးမှုတားဆီးရေး အဖွဲ့များဖွဲ့စည်းနေကြကြောင်း သိရှိရသည်။

လူကုန်ကူးမှုများကြောင့် တရုတ်နိုင်ငံအတွင်းပိုင်း ပြည်နယ်များတွင် သူတပါး၏ ဇနီးမယားများအဖြစ် ရောင်းစားခြင်းခံရသော မြန်မာမိန်းကလေးတို့မှာ ဆင်းရဲဒုက္ခများနှင့် ကြုံတွေ့နေရပြီး ရာသီဥတု ဆိုးရွားသော အန်ဟွက်ပြည်နယ်တခုတည်း၌ပင် မြန်မာမိန်းကလေးပေါင်း (၁၀၀) ကျော်ခန့် ရှိသည်ဟုဆိုသည်။ ၎င်းတို့သည် တရုတ်တို့၏ ဇနီးမယားဘဝဖြင့် လယ်ယာလုပ်ငန်းနှင့် အိမ်စေအလုပ်များ၌ ပင်ပန်းကြီးစွာ လုပ်ကိုင်နေရပြီး ယခုရက်ပိုင်းအတွင်းတွင် အသက် (၂၀)အရွယ် အမျိုးသမီးကလေး(၃)ဦးသည် တရုတ်ပြည်နယ်စပ်မှ မြန်မာပြည်သို့ ပြန်လည်ထွက်ပြေးလာခဲ့ကြကြောင်း သိရသည်။

တရုတ်အစိုးရ၏ တအိမ်ထောင်ကလေးတယောက်နှုန်း လူဦးရေ ကန့်သတ်ချက်အရ အိမ်ထောင်ရှင်များမှာ သားယောကျ်ားလေးများသာ ရယူခဲ့ကြသဖြင့် မိန်းကလေးဦးရေ လျော့ကျလာပြီး နိုင်ငံအတွင်းပိုင်းရှိ ကျိုင်းတုံ၊ ဟိုနန်၊ အန်ဟွက် အစရှိသောပြည်နယ်တို့မှ တရုတ်အမျိုးသားများသည် မြန်မာမိန်းကလေးများအား လူမှောင်ခိုကူးသူတို့မှတဆင့် ဇနီးမယားအဖြစ် ငွေပေးဝယ်ယူနေကြောင်းသိရသည်။

## ○ နောက်ကျောဖုံး ဒေါ်စုခရီးစဉ်မှ

ကံမမြို့တွင် ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုနေကြသည့် ပြည်သူလူထုကြီးအား နှုတ်ဆက်အမှာစကား ပြောကြားခဲ့ရာ ထိုသို့ ပြောကြားနေစဉ်တွင် ရေစည်လှည်းတစီးက သံပုံးများ ဆူညံစွာတီး၍ လူထုထဲသို့ မောင်းဝင်လာခဲ့ပြီး နှောင့်ယှက်ခဲ့သေးကြောင်း သိရသည်။ ကံမမြို့မှ ဆက်လက်ထွက်ခွာလာရာ ည(၉)နာရီခန့်တွင် တောင်ကုတ်မြို့သို့ ရောက်ရှိခဲ့သည်။

ဒီဇင်ဘာလ၊ ၂၁ ရက်

တောင်ကုတ်မြို့တွင် ညအိပ်ရပ်နားပြီး ပြည်နယ်စည်း၊ မြို့နယ်စည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ဒီဇင်ဘာ(၂၁)ရက်နေ့ နံနက်တွင် သံတွဲမြို့နယ် အဲန်အယ်လ်ဒီရုံးခွဲ ဆိုင်းဘုတ်တင်ရန်အတွက် ခရီးဆက်လက်ထွက်ခွာမည်ပြုစဉ် တောင်ကုတ်လူထု ငါးသောင်းကျော်တို့က ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဆုံနိုင်ရန် ရောက်ရှိလာခဲ့သည်။

ရောက်ရှိလာသည့် လူထုအား ဒေါ်အောင်ဆန်းစုကြည်က အသံချဲ့စက်နှင့် မိန့်ခွန်းပြောကြားရန် ပြင်ဆင်နေစဉ် အာဏာပိုင်များ ရောက်လာပြီး ဥပဒေအရ အသံချဲ့စက်သုံးခွင့်မပြုကြောင်း ဟန့်တားခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်က သူ့အနေဖြင့် အသံချဲ့စက်ဖြင့် ငါးမိနစ်ခန့် စကားပြောမည်ဖြစ်ကြောင်း၊ ထိုသို့ ပြောကြားသည့်အတွက် လူထုကျေနပ်မှုရရှိပြီး ငြိမ်းချမ်းစွာ လူစုခွဲသွားလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ပြောဆိုပြီး အသံချဲ့စက်သုံး၍ စကားပြောခဲ့သည်။ ထိုသို့ပြောကြားနေချိန်တွင် အာဏာပိုင်များက အသံအားပိုကောင်းသည့်စက်များ သုံး၍ အော်ဟစ်နှောင့်ယှက်မှုများ ရှိခဲ့ကြောင်း သိရသည်။

တောင်ကုတ်မြို့နှင့်ပတ်သက်၍ ဗဟိုသို့ ပေးပို့သည့်အစီရင်ခံစာကို ဦးလွင်က အသံလွှင့်ဌာနတခုမှတဆင့် ပြန်လည် ဖတ်ကြားခဲ့ရာတွင် –

"ပြည်သူလူထုဟာ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဖူးရုံ လာတာမဟုတ်ဘဲ ပိတ်ဆို့ခြိမ်းခြောက်တဲ့အကြားက ဇွဲနဘဲနဲ့ ထောက်ခံအားပေးဖို့ လာတယ်ဆိုတာ ထင်ပေါ်အောင် လုပ်ပေးလိုက်သလို ဖြစ်သွားစေပါတယ်။ တောင်ကုတ်ပြည်သူလူထုဟာ ဒေါ်စုကို မေတ္တာနဲ့ ဆက်ဆံပြီး တိတ်ဆိတ်စွာ လူစုခွဲဖို့ မေတ္တာရပ်ခံချက်အတိုင်း ငါးထောင်ခန့် လူထုကြီးဟာ အေးချမ်းငြိမ်သက်စွာနဲ့ စည်းကမ်းရှိရှိ လူစုခွဲခဲ့ကြတယ်။ ဒီအတွက် အဖွဲ့ချုပ်အနေနဲ့ လူထုကို အထူးယုံကြည်ကိုးစားမိပြီး အားတက်ခဲ့ရပါတယ်" ဟု ပါရှိခဲ့သည်။

ထို့နောက် သံတွဲမြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ရာ လမ်းပန်းကြမ်းတမ်းသည့်အတွက် မွန်းလွဲ(၁)နာရီကျော်မှ သံတွဲမြို့သို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် သက်ဆိုင်ရာအာဏာပိုင်များထံ ယနေ့ သံတွဲမြို့နယ် ဆိုင်းဘုတ်တင်ပွဲ ကျင်းပရန် အစီအစဉ်ကို (၂၂–၁၂–၀၂)သို့ ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့ရာ အာဏာပိုင်များက ယင်းနေ့ကိုခွင့်မပြုဘဲ နေ့ချင်းပြီး လုပ်ရမည်ဖြစ်ကြောင်း တင်းတင်းမာမာပြောကြားခဲ့သည်ဟု ဆိုသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဗဟိုအာဏာပိုင်များထံ အဲန်အယ်လ်ဒီကလှမ်း၍ အကြောင်းကြားခဲ့ရာ အာဏာပိုင်တို့က ဟန့်တားနှောင့်ယှက်သူများကို ချက်ချင်းအရေးယူမည်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဦးလွင်အဆိုအရ သိရသည်။

ဒီဇင်ဘာ ၂၂ ရက်

(၂၁–၁၂–၀၂) နေ့က သံတွဲမြို့ အဖွဲ့ချုပ်ရုံးခွဲဖွင့်လှစ်ရန် အဟန့်အတား အနှောင့်အယှက်များကြုံတွေ့ခဲ့ရပြီးနောက် (၂၂–၁၂–၀၂)နံနက်ပိုင်းတွင် မြို့နယ်အဖွဲ့ချုပ်ရုံးခွဲကို အောင်မြင်စွာ ဆိုင်းဘုတ်တင်ပွဲ ပြုလုပ်နိုင်ခဲ့သည်။

ဒီဇင်ဘာလ၊ ၂၃ ရက်

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ဂွမြို့သို့ ရောက်ရှိလာပြီး ထိုမှတဆင့် ရိုးမကိုဖြတ်၍ ဧရာဝတီမြောက်ပိုင်း ငါးသိုင်းချောင်း၊ ကျုံပျော်၊ ရေကြည်၊ ဓနုဖြူ၊ ညောင်တုန်းမြို့များကို ဖြတ်သန်းပြီး ရန်ကုန်မြို့သို့ ပြန်လည် သွားရောက်ကြမည်ဖြစ်သည်။

ဒီဇင်ဘာလ၊ ၂၄ ရက်

ရခိုင်ပြည်နယ်မှ ပြန်လည်ထွက်ခွာလာသော ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အဖွဲ့ဝင်များသည် နေ့လည်ပိုင်းတွင် ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နယ်သို့ ရောက်ရှိခဲ့သည်။ ကျုံပျော်မြို့တွင် လူထုဟောပြောပွဲပြုလုပ်ခဲ့ရာ ကြံ့ဖွံ့အဖွဲ့ဝင်များ၏ နှောင့်ယှက်မှုနှင့် အနည်းငယ် ကြုံခဲ့ရသည်ကို အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးလွင်က ပြောကြားခဲ့ရာ –

ကျုံပျော်မြို့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုဥက္ကဋ္ဌ ဦးတင်ဦးတို့က လူထုကို မိန့်ခွန်းပြောကြားခဲ့ကြကြောင်း၊ ထိုအချိန်တွင် ကြံ့ဖွံ့အဖွဲ့ဝင်များက ယခင်မြို့များက လုပ်ရိုးလုပ်စဉ်များနည်းတူ အသံချဲ့စက်များ ဆူညံစွာဖွင့်၍ လူထုမကြားနိုင်အောင် ဟန့်တားနှောင့်ယှက်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ကျုံပျော်မြို့မှ ဆက်လက်ထွက်ခွာလာခဲ့ရာ ဓနုဖြူမြို့အရောက်တွင် အာဏာပိုင်များ၏ ဟန့်တားနှောင့်ယှက် ပိတ်ပင်တားဆီးမှု အဆိုးဝါးဆုံး ရင်ဆိုင်ခဲ့ရသည်ဟု ဆိုသည်။ ဓနုဖြူမြို့၏ မြို့လည်ခေါင်လမ်းမကြီးများပေါ်တွင် ၁၀ တန် ကားကြီးများ ပိတ်ဆို့ရပ်ထားခြင်း၊ လမ်းဘေးနေရာများတွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ လိုက်ပါစီးနင်းလာသည့် ကားများ မရပ်နိုင်ရန် ကျင်းတူးထားခြင်း၊ လမ်းများပေါ်တွင် မြေကြီးများစုပုံထားခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် မြို့ခံလူထု တသောင်းကျော်တို့က ပိတ်ပင်တားဆီးထားသည့်ကြားမှ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ထွက်၍ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်းသိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ထိုနေ့ညတွင် ရခိုင်ပြည်နယ်ခရီးစဉ်ကို အဆုံးသတ်ခဲ့ပြီး ရန်ကုန်မြို့သို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

❖ ❖ ❖

**စစ်မှန်သော ပြည်သူ့လွှတ်တော် ပေါ်ပေါက်ရေးသည် လူမျိုးစုံပြည်သူတရပ်လုံး၏ တာဝန်ဖြစ်သည်။**

## လူထုဒေါ်အမာနှင့် ဘီဘီစီအသံလွှင့်ဌာန ဆက်သွယ်မေးမြန်းချက်



"ပြည်သူ့ဘက်ရပ်နေတဲ့ သတင်းစာဆိုရင် ပြည်သူ့ဘက်လိုက်ပြီး၊ အမြင်ကို ကြည့်ပြီးတော့ ရေးတာပဲ။ သတင်းစာဟာလေ ဘက်မလိုက်ဘူးဆိုတာ အလာကားပြောတာ၊ ညာတာ"

နိုဝင်ဘာ ၃၀ ရက်ည(ဘီဘီစီ)

မေး– အမေ အရင်ထုတ်နေ့က လူထုသတင်းစာမှာ ရေးတဲ့နေရာမှာ ဘယ်လိုသတင်းမျိုးတွေ ရေးခဲ့ပါသလဲ ခင်ဗျား။ သတင်းဆိုတာတော့ သတင်းဆိုးတွေရှိမယ်၊ သတင်းကောင်းတွေရှိမယ်။ ဒ့ါအပြင် ဝါဒဖြန့်တဲ့ လှုံ့ဆော်ရေး သတင်းတွေလည်းရှိမယ်လေ။ အဲဒီတော့ ဘယ်လိုသတင်းမျိုးတွေများ ရေးခဲ့ပါသလဲ ခင်ဗျား။

ဖြေ– အဲဒါ ဖြစ်လာတဲ့ သတင်းတခုကနေ၊ ပြည်သူကို ဘယ်လိုအကျိုးပြုနေတုန်း၊ ပြည်သူကို ဘယ်လိုအန္တရာယ် ဖြစ်နေတုန်း အဲဒီဘက်ကနေပြီးတော့ ကိုယ်က ပြည်သူ့ဘက်ရပ်နေတဲ့ သတင်းစာဆိုရင် ပြည်သူဘက်ကလိုက်ပြီး အမြင်ကို ကြည့်ပြီးတော့ ရေးတာပဲ။ သတင်းစာဟာလေ ဘက်မလိုက်ဘူးဆိုတာ အလာကားပြောတာ၊ ညာတာ။ ဘက်လိုက်တာ ကိုယ်ဘယ်သူ့အတွက် ရပ်တည်နေတဲ့ သတင်းစာလဲဆိုတာ အဲဒီရပ်တည်တဲ့ လူအတွက် ရေးတာပဲ။

မေး– အမေလူထုဒေါ်အမာအနေနဲ့ ရေးခဲ့တဲ့နေရာမှာ ဘယ်သူတွေဘက်ကနေများ ကိုယ်စားပြုပြီး၊ ရပ်တည်ပြီး ရေးခဲ့သလဲ ခင်ဗျား။

ဖြေ– ပြည်သူလူထုအများစုဘက်က ရပ်တည်တာပေါ့။ ပြည်သူလူထုအများစုကတို့သတင်းစာကို ယုံကြည်တယ်။ စိတ်ချတယ်။ အားကိုးတယ်။ တို့သတင်းစာဟာ စောင်ရေ မများဘူး၊ ကြော်ငြာတွေလည်း အရမ်းမများဘူး၊ အဲဒီတော့ စီးပွားရေးအရ မတိုးဘူး၊ ပြည်သူတွေအပေါ်မှာ သြဇာရှိတဲ့ သတင်းစာ၊ လူတွေက အားကိုးလေးစားတဲ့ သတင်းစာအဖြစ်နဲ့ပဲ ရပ်တည်နိုင်တယ်။

❖ ❖ ❖

## မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများ ထိုင်းနိုင်ငံသို့ ဗီဇာမဲ့ ဝင်ရောက်ခွင့်ပြုတော့မည်မဟုတ်

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ (၃၀)ရက်နေ့တွင် စတင်ကျင့်သုံးမည့် ထိုင်းနိုင်ငံ၏ ပြည်ဝင်ခွင့် ဗီဇာဥပဒေအရ မြန်မာနိုင်ငံကူး လက်မှတ် ကိုင်ဆောင်ထားသူများသည် ပြည်ဝင်ခွင့်ဗီဇာမပါဘဲ ယခင်ကကဲ့သို့ ထိုင်းနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုတော့မည်မဟုတ်ဟုသိရှိသည်။

ယခင်က ပြည်ဝင်ခွင့်ဗီဇာမပါဘဲ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ရှိသည့် နိုင်ငံပေါင်း (၅၉)နိုင်ငံရှိရာမှ ယခုပြဋ္ဌာန်းကျင့်သုံးမည့် ဥပဒေအရ (၃၈)နိုင်ငံသာ ခွင့်ပြုမည်ဟု သိရှိရသည်။ ယင်းဥပဒေသစ်အရ မြန်မာ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ အကြုံးဝင်မည်ဖြစ်သော်လည်း အခြား အာဆီယံနိုင်ငံများ (လာအိုနှင့် ကမ္ဘောဒီးယားတို့မှအပ)မှာမူ ယခင်ဥပဒေဟောင်းအတိုင်း ဝင်ရောက်ခွင့် ရရှိနေမည်ဟု သိရှိရသည်။

သို့သော် ယင်းဥပဒေသစ်အရ ထိုင်းနိုင်ငံသို့ရောက်ရှိပြီးမှ ပြည်ဝင်ခွင့်ဗီဇာ (၁၅) ရက် လျှောက်ခွင့်ရှိသည့် နိုင်ငံပေါင်း (၁၀၀)ကျော်ကို (၁၄)နိုင်ငံသို့လျှော့ချရာတွင် မြန်မာ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှာမူ ဆက်လက်အကြုံးဝင်နေမည်ဖြစ်သည်။ (NMG)

## ဝါရင့်နိုင်ငံရေးသမားကြီး သခင်ဗဟုန် ကွယ်လွန်ရှာပြီ

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် တက်ကြွစွာပါဝင်ခဲ့သူ ဝါရင့်နိုင်ငံရေးသမားကြီး သခင်ဗဟုန် (၈၈)နှစ်သည် ဒီဇင်ဘာလ (၁၆)ရက်နေ့က ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သတင်းရရှိသည်။

သခင်ဗဟုန်၏ ဈာပနအခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့်အဖွဲ့ဝင်များ၊ အခြားနိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ ခေတ်ပြိုင် ဝါရင့်နိုင်ငံရေးသမားကြီးများက လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

သခင်ဗဟုန်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် သခင်ဟောင်းကြီးများအဖွဲ့တွင် အဖွဲ့ဝင်တဦးဖြစ်ပြီး လွတ်လပ်ရေး တိုက်ပွဲဝင်ကာလတွင် ဒို့ဗမာအစည်းအရုံးဝင် သခင်တဦးအဖြစ် သခင်အောင်ဆန်းတို့နှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့သူဖြစ်သည်။

❖ ❖ ❖

## ဆရာမောင်စွမ်းရည်နှင့် ဒီဗွီဘီ မေးမြန်းချက်

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလထုတ် မဟေသီမဂ္ဂဇင်းတွင် ဆရာဟိန်းလတ် လစဉ်စီစဉ်တင်ပြနေသည့် တွေ့ဆုံမေးမြန်းခြင်း ကဏ္ဍ၌ ဆရာမောင်စွမ်းရည်နှင့် ပတ်သက်သည့် အင်တာဗျူးအား ဖော်ပြခြင်းမပြုရန် စာပေစိစစ်ရေးမှ ပိတ်ပင်ခဲ့သည်ဟု သတင်းရရှိသည်။

ယင်းသို့ ပိတ်ပင်ခံရခြင်းနှင့်ပတ်သက်၍ ဒီဗွီဘီသတင်းဌာနမှ ဆက်သွယ်မေးမြန်းရာတွင် ဆရာမောင်စွမ်းရည်က "ကျနော်ကတော့ အဲဒီသတင်းတွေ မကြားရသေးပါဘူး။ စာပေစိစစ်ရေးကတော့ တခါတလေ ဘာမှအကြောင်းမကြားဘဲ ဖြုတ်ပစ်တတ်ပါတယ်။ ကျနော် အခုလို ပြည်ပထွက်လာပြီး ဒီဘက်ကလူတွေနဲ့ တွေ့တဲ့ဆုံတဲ့အပေါ် သူတို့ သိပ်မကျေလည်ကြဘူး။ ဒါကြောင့် ဖြုတ်ပစ်တယ်လို့ ထင်တာပဲ"ဟု ပြောပြခဲ့ကြောင်း သတင်းရရှိသည်။ ❖

## ရာသီဥတုပူသည်

စပါးခင်းတွေကို တမျှော်တခေါ် မြင်ရ
ပြည်တွင်းစစ်ကိုလည်း တမျှော်တခေါ် မြင်ရ။

နယ်စပ်ပုံကျဈေးမှာ
မဝရေစာရယ် သဘာဝအဆီအနှစ်တွေရယ်
အမျိုးကောင်းသားသမီးလေးတွေရယ်
ပက်ပက်စက်စက် ဈေးလျှော့ ဈေးထိုးပေးနေပုံတွေက
နေ့မအား – ညမနားကြီး။

ကျွန်းပွင့်တွေ ပါးရှားကုန်တယ်
ရေဝတီက ရေမိုးမချိုးရဲ
စက်မှုမစင်တွေက အနံ့တထောင်းထောင်း
တောင်တန်းတွေက ဟိုးလိုးဟောင်းလောင်း
စမ်းချောင်းရေကြည်မှာ ဘီယာဘူးခွံ၊ ကွန်ဒွန်အဟောင်း။

စစ်ထောက်လှမ်းရေးက ပတ္တမြားကိုရှာ
ပတ္တမြားက ဒေါ်လာဖြစ်
ဒေါ်လာက စစ်ရုံးချုပ်ထဲရောက်သွားတဲ့အခါ
ထောင်ထဲက သစ်ပင်တွေလိုပါပဲ။

ဆင်ဖြူတော်လို့ အခေါ်ခိုင်းလိုက်
ရာထူးတွေ တိုး(ထွင်)ယူလိုက်
ကြက်ဆူပင်တွေ စိုက်လိုက်နဲ့
ကယ်မ, နေတော်မူကြပုံများ။

"ရေအတွက်
ရတက်မပွေစေရ"

"ဆာလောင်မှုအတွက်
မျက်ရည်မကျစေရ၊"
နုပျိုမှုဟာ
စိမ်းလန်းခြင်းပါ
နဲနဲလေးမှ မမှားခဲ့ပါဘူး။

(နှင်းခါးမိုး)ရေ
တောင်တန်းတွေကို
ရွှေ့ပစ်ကြရအောင်။

**ကိုထက်မိုး**

## ဦးအုန်းမြင့်နှင့် ဒီမိုကရက်တစ်မြန်မာ့အသံတို့ ဆက်သွယ်မေးမြန်းချက်

နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခြင်းခံထားကြရသော နိုင်ငံရေးအကျဉ်းသားများဖြစ်ကြသည့် ဗကသ ဥက္ကဋ္ဌ မင်းကိုနိုင်၊ ဒုဥက္ကဋ္ဌ ကိုကိုကြီး၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ကိုသက်ထွန်း၊ သတင်းစာဆရာကြီး ဦးဝင်းတင်၊ ဦးတင်ထွန်း၊ ဦးထွေးမြင့်၊ ဆရာသန်းငြိမ်း၊ ဦးစိုးဟန်၊ ဦးနိုင်းနိုင်း၊ ကိုသိန်းတို့၏ အခြေအနေများနှင့် ပတ်သက်၍ ဒီဗွီဘီနှင့် ဆက်သွယ်မေးမြန်းရာတွင် ဦးအုန်းမြင့်က ယခုလို ပြောပြခဲ့သည်။

"မင်းကိုနိုင်က စစ်တွေထောင်မှာ။ လွန်ခဲ့တဲ့လက သူ့အိမ်က ထောင်ဝင်စာ သွားတွေ့တယ်။ ကျန်းမာရေးအခြေအနေကတော့ သိပ်မဆိုးဘူးလို့ သိရတယ်။ သရက်ထောင်က ကိုကိုကြီးကတော့ ဆီးကျိတ်တည်နေတယ်လို့သိရတယ်။ မြင်းခြံထောင်က ကိုသက်ထွန်းကလည်း အောက်ပိုင်းချိသလိုဖြစ်နေတယ်။

ဦးဝင်းတင်ကတော့ ဆေးရုံကဆင်းပြီး ထောင်ထဲပြန်ရောက်သွားပြီ။ ဆေးရုံမှာ ဦးတင်ထွန်းရယ်၊ ဦးထွေးမြင့်ရယ်၊ ဆရာသန်းငြိမ်းရယ်ပဲ ရှိတယ်။ ဆရာသန်းငြိမ်းက နှလုံးအထူးကုနဲ့ ပြရမယ်။ ဦးစိုးဟန်နဲ့ ဦးနိုင်းနိုင်းတို့လည်း ဆေးရုံပြရမယ်။ ကိုသိန်းလည်း မျက်စိမကောင်းသေးဘူး။ သူတို့နဲ့ ပတ်သက်ပြီး ICRC ကို အသိပေးထားတယ်" ဟု ရှင်းပြခဲ့သည်။

"နိုင်ငံရေးအကျဉ်းသားတွေကို (၂)ပတ်တကြိမ် ထောင်ဝင်စာတွေ့လို့ရပြီဆိုပေမယ့် ဝေးတာနဲ့ ချို့တဲ့တာတွေကြောင့် တကယ်တမ်း မတွေ့နိုင်ကြပါဘူး။ ချို့တဲ့သူတွေကိုတော့ ကျနော်တို့ လူမှုအထောက်အကူပြုအဖွဲ့က တတ်နိုင်သလောက်လုပ်ပေးပါတယ်" ဟု ပြောပြခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ဦးအုန်းမြင့်က "အခု ထောင်တိုင်းမှာ တီဘီဖြစ်နေကြပြီ။ ငှက်ဖျားပါဖြစ်နေကြပြီလို့ သိရတယ်။ သရက်ထောင်က တီဘီဖြစ်နေတဲ့ သူတွေကိုတော့ ICRC က ဆေးတွေ ဘာတွေပေးသွားတယ်လို့ကြားရတယ်"ဟု ရှင်းပြခဲ့သည်။

နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးနေတာနဲ့ပတ်သက်၍ ဦးအုန်းမြင့်က "နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးနေတာနဲ့ပတ်သက်လို့ ကျနော်တို့ ရတဲ့ စာရင်းတွေက ထပ်နေတယ်။ (၁၁၅)ယောက် လွှတ်ပေးပြီးဖြစ်တယ်လို့ဆိုပေမယ့် ကျနော်တို့ ရတဲ့စာရင်းက (၅၈)ယောက်လား၊ (၆၀)ကျော်လားပဲ။

ထောင်တိုင်းမှာ ပုဒ်မ(၄၀၁/၁)ကို လက်မှတ်မထိုးလို့ မလွှတ်ဘဲ ကျန်နေတဲ့သူတွေ ရှိနေတယ်။ မြစ်ကြီးနားကတယောက်ဆိုရင် လွှတ်ပေးမယ်ဆိုပြီး သူ့ကို (၃)ခါ ထုတ်တယ်။ သူက မထိုးဘူးဆိုတော့ လွှတ်မပေးဘူး။ သရက်မှာလည်း ရှိတယ်။ သာယာဝတီမှာတော့ နည်းနည်းများတယ်လို့ ကြားတယ်။ မန္တလေးမှာလည်း ဦးဒိုထောင်းက လက်မှတ်မထိုးဘူးလို့ ကြားတယ်"ဟု ရှင်းပြခဲ့သည်။

ပုဒ်မ(၄၀၁/၁)သည် ပြစ်ဒဏ်များအား ဆိုင်းငံ့ထားခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့် လျှော့ပေါ့ပြောင်းလဲခြင်း ဟူသည့် ဥပဒေတခုဖြစ်သည်။ ယင်းဥပဒေအရ ပြစ်ဒဏ်ကျခံရသူတဦးသည် နိုင်ငံတော်သမတမှ သတ်မှတ်ထားသည့် စည်းကမ်းချက်တခုကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်ဖြစ်သည်။ ယင်းစည်းကမ်းချက်ကို နိုင်ငံတော်သမတကဖျက်သိမ်းနိုင်သည်။ ယင်းသို့ဖျက်သိမ်းခြင်းခံရပါက လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်ပြီးသော်လည်း မည်သည့် ရဲအရာရှိမဆို၏ ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းကို ခံရနိုင်၍ ကျန်ရှိသည့် ပြစ်ဒဏ်များကို ဆက်လက်ကျခံရမည်ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)၏ ထုတ်ပြန်ကြေညာချက်ထဲတွင် ဖော်ပြထားသည်။ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# မွန်ပြည်နယ်မှ လယ်သမားများ လယ်ယာများ စွန့်ခွာ၍ နယ်စပ်သို့ အဆက်မပြတ် ရောက်ရှိနေ

ဒီဇင်ဘာ ၁၇၊ (RFA)

လွန်ခဲ့သောရက်များတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် စပါးများ အပင်ပေါက်လာသည့်အခြေအနေနှင့် ရင်ဆိုင်နေရသည့်အတွက် မွန်ပြည်နယ်အတွင်းရှိ လယ်သမားများ အစိုးရကို တာဝန်ကျေစပါး မသွင်းနိုင်သဖြင့် ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်လာနေကြကြောင်း သိရသည်။

ထိုသို့ ထိုင်း မြန်မာနယ်စပ်ကို ရောက်ရှိလာကြသည့် မွန်ပြည်နယ်အတွင်းမှ လယ်သမားများ၏အဆိုအရ လယ်သမားများသည် ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှု၊ လယ်လုပ်စရိတ်ကြီးထွားမှုနှင့် အစိုးရ၏ ပင်ထောင်စရိတ် နှိမ်ထားမှုကိုခံနေရကြောင်း၊ ထို့ပြင် ယခုလို ရာသီဥတုဖောက်ပြန်မှုကြောင့် စပါးများပျက်စီးခဲ့ရသည့်အတွက် အခွန်နှုန်းများ လျှော့သင့်သော်လည်း ယခုနှစ်အတွင်း လယ်တကေလျှင် စပါး(၁၅)တင်း သတ်မှတ်မှုရှိရာမှ တချို့ဒေသတွင် (၁၈)တင်းအထိ လျာထားခြင်းခံနေရကြောင်း တာဝန်ကျေစပါး မပေးသွင်းနိုင်သေးသည့် လယ်သမားများအား စပါးကြိတ်ခွဲခွင့်ကိုပင် ပိတ်ပင်ထားသည့်အတွက် လယ်လုပ်သူက လယ်လုပ်ရင်း ဆန်ဝယ်စားနေရကြောင်း၊ လယ်သမားများအနေဖြင့် အစိုးရကို တာဝန်ကျေစပါး ပေးသွင်းသည့်နေရာတွင် စပါးဒိုင်ဈေးမှာ ပြင်ပပေါက်ဈေးနှုန်းနှင့်အလွန်ကွာနေကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ လယ်သမားများမှာ ကုန်ဈေးနှုန်းကြီးမြင့်ရသည့်အထဲ လယ်ယာလုပ်ငန်းကပါ အဆင်ပြေခြင်းမရှိသည့်အတွက် မိမိတို့၏ လယ်ယာများကို စွန့်လွှတ်၍ ထိုင်းဘက်သို့ ထွက်ခွာလာခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

၎င်းတို့အဆိုအရ တချို့ဒေသများတွင်လည်း ရာသီဥတု မကြာခဏ ဖောက်ပြန်ခြင်း၊ လယ်ယာလုပ်ငန်းများအပေါ် အလွန်အမင်း ကန့်သတ်ချုပ်ချယ်မှု များပြားခြင်းတို့ကြောင့် လယ်လုပ်သမားများ နည်းပါးကျဆင်းသွားကြောင်း သိရပြီး လယ်လုပ်နိုင်သည့် လယ်သမားများမှာလည်း အချိန်တန်တာဝန်ကျေစပါး ပေးသွင်းရသည့်အတွက် စပါးမရှိသဖြင့် ရှိသည့် ကျွဲနွားများကို ရောင်းချ၍ စပါးဒိုင်သို့ စပါးပေးသွင်းနေရကြောင်း စပါးကို ပြင်ပပေါက်ဈေး သုံးသိန်းနှင့်ဝယ်၍ ဒိုင်ကို သုံးသောင်းနှင့် အရှုံးခံ ရောင်းချပေးနေရခြင်းကြောင့် လယ်သမားတို့မှာ အခက်အခဲများစွာ ကြုံတွေ့နေရပြီး ထိုင်း မြန်မာနယ်စပ်သို့ ထပ်မံထွက်ခွာလာကြမည့်ပုံရှိနေသည်။

ထို့အပြင် ၎င်းတို့က ယခုလို စပါးပေါ်စအချိန်မှာပင် ဆန်ဈေး သိသိသာသာကျဆင်းလာခြင်းမရှိသဖြင့် လာမည့်နှစ်တွင် ဆန်စပါးရှားပါးမှုပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်ပြောဆိုခဲ့ကြသည်ဟု သိရသည်။ ❖

# မြန်မာ့အရေးလှုပ်ရှားသူများ ဖမ်းဆီးပြန်ပို့ခံရရန် အခြေအနေကြုံနေရ ထိုင်းအခြေစိုက် လူ့အခွင့်အရေးအဖွဲ့မှ အရေးပေါ် သတိပေးချက်ထုတ်ပြန်

ဒီဇင်ဘာ ၂၄ ရက်

ထိုင်းနိုင်ငံအခြေစိုက် အာရှလူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Forum Aisa)မှ ထိုင်းအခြေစိုက်မြန်မာကျောင်းသားများ၊ ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများအနေဖြင့် ဖမ်းဆီးခြင်း၊ ပြန်ပို့ခြင်းခံရမည့်အန္တရာယ်များနှင့် ကြုံတွေ့နေရကြောင်း ဒီဇင်ဘာ(၂၃)ရက်နေ့က အရေးပေါ်သတိပေးချက်တရပ် ထုတ်ပြန်ခဲ့ပါသည်။

"နောက်ဆုံးတနေ့မှာ နအဖကို ဆန့်ကျင်တဲ့သူ တဦးတယောက်မှ မကျန်အောင် ထိုင်းနိုင်ငံအတွင်းက ဖယ်ရှားပစ်မယ်လို့ အမျိုးသားလုံခြုံရေးကောင်စီက လူတွေ အရင်လက ကျွန်တော့်ကို အတည်ပြုပြောပါတယ်။ သူတို့အနေနဲ့ ဒီအုပ်စုတွေ မြန်မာပြည် ပြန်သွားသည်ဖြစ်စေ၊ တတိယနိုင်ငံတခုကို ထွက်သွားသည်ဖြစ်စေ ဂရုမစိုက်ပါဘူး။ ပေါ်လစီအရကတော့ သူတို့တွေကို ထိုင်းနိုင်ငံက ဖယ်ရှားပစ်ဖို့ဖြစ်တယ် (National Security Council people last month confirmed to me that, at the end of the day, everyone (everyone) that belongs anti-SPDC must be moved out of Thailand. They don't care where these groups will go, back to Burma or third country. But, the policy is they must be moved out of Thailand.)"ဟု ထိုင်းအမျိုးသားလုံခြုံရေးကောင်စီမှ ပြောကြားခဲ့သည်ကို ဖိုရမ်အေးရှားအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မစ္စတာ Sunai Phasuk က ပြန်ပြောပြပါသည်။

လွန်ခဲ့သည့် ဒီဇင်ဘာ(၂၀)ရက်နေ့က ထိုင်းအမှတ်(၉)တပ်မတော်မှ စစ်သားများသည် ထိုင်းနိုင်ငံတောင်ပိုင်း စံခရဘူရီရှိ မွန်လူငယ်ဖွံ့ဖြိုးရေးအဖွဲ့ (MYPO)ရုံးကို ဝင်ရောက်ဖမ်းဆီးခဲ့ပြီး မွန်လူငယ်(၆)ဦးကို မြန်မာနိုင်ငံဘက်သို့ ပြန်လည်ပို့ဆောင်ခဲ့သည့်အပြင် စံခရဘူရီရှိ အခြားသောအတိုက်အခံရုံး (၉)ရုံးရှိ မြန်မာကျောင်းသားများ၊ ဒီမိုကရေစီလှုပ်ရှားသူများကို (၂)ရက်အတွင်း ရုံးများပိတ်၍ ထိုင်းနိုင်ငံမှ ထွက်ခွာသွားကြရန် အမိန့်ပေးခဲ့သည်ဟု သတင်းဌာနများ၏ သတင်းများအရ သိရပါသည်။

စံခရဘူရီအဖြစ်အပျက်နောက်ပိုင်းတွင် ဘန်ကောက်၊ ချင်းမိုင်၊ ချင်းရိုင်း၊ မယ်ဟောင်ဆောင်နှင့် တာ့ခ်တို့ရှိ ဒီမိုကရေစီရေး လှုပ်ရှားသူများနှင့် လူမျိုးစုတိုင်းရင်းသားအဖွဲ့များကို ဆက်လက်နှိမ်နင်းမှုများ ပြုလုပ်လာမည်ကို ဖိုရမ်အေးရှားအနေဖြင့် စိုးရိမ်မိကြောင်း အရေးပေါ်သတိပေးချက်တွင် ရေးသားဖော်ပြထားပါသည်။

ထိုင်းအစိုးရအနေဖြင့် နအဖ နှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်ရန်အတွက် ဒီမိုကရေစီအင်အားစုများ၊ လူ့အခွင့်အရေးအဖွဲ့များကို တရားဝင်တားဆီးနှိမ်နင်းနိုင်သည့် လုံခြုံရေး ညွှန်ကြားချက်တရပ်ကို ၂၀၀၂ ခုနှစ် ဇူလိုင်လ(၄)ရက်နေ့က ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းညွှန်ကြားချက်အရ ထိုင်းတရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး အာဏာပိုင်များအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဥပဒေကို အသုံးပြု၍ မြန်မာအတိုက်အခံများ၊ ဒီမိုကရေစီရေးလှုပ်ရှားသူများ၊ တိုင်းရင်းသားအဖွဲ့များ၏ လှုပ်ရှားမှုများကို ထိန်းချုပ်သွားရန် အမျိုးသားလုံခြုံရေးကောင်စီ (NSC)က အထူးညွှန်ကြားထားသည်ဟု ဖိုရမ်အေးရှားအဖွဲ့က ဖော်ပြထားပါသည်။

ဒီဇင်ဘာလ အစောပိုင်းကလည်း မယ်ဟောင်ဆောင်ရှိ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် ဆွေးနွေးပွဲကျင်းပနေကြသည့် မြန်မာနိုင်ငံမှ ဒီမိုကရေစီရေးလှုပ်ရှားသူ ကျောင်းသားလူငယ်များနှင့် တိုင်းရင်းသားလူငယ် (၂၀)ကျော်ကို ဖမ်းဆီးခဲ့ပြီး တရားဝင်နေထိုင်ခွင့်မရှိသူ (၁၃)ဦးကို နယ်စပ်သို့ ပြန်လည်ပို့ဆောင်ခဲ့ပါသည်။

Network Media Group

# ရတနာပိုက်လိုင်းဖောက်လုပ်သည့်ကိစ္စ တရားဥပဒေနှင့် ညီညွတ်သည်ဟု ထိုင်းရုံးကအမိန့်ချ

ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံအတွင်းသို့ ဆက်သွယ်သည့် ရတနာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မှုအား ထိုင်းလူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းလှုပ်ရှားသူများက ကန့်ကွက်နေသည့်ကြားမှ ထိုင်းအခြေခံဥပဒေဆိုင်ရာရုံးတော်က အဆိုပါဆောင်ရွက်မှုသည် တရားဥပဒေနှင့် ညီညွတ်ကြောင်း ဒီဇင်ဘာ (၁၇)ရက် အင်္ဂါနေ့တွင် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ထိုဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှုသည် သဘာဝပတ်ဝန်းကျင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများအား ပျက်စီးစေသည့်အတွက် ထိုင်းအခြေခံဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း လူမှုရေးဆိုင်ရာဝေဖန်ရေးသမားစုလက်က ပြောကြားခဲ့ပြီး၊ ပိုက်လိုင်းတည်ဆောက်မှုကို တရားမဝင်ကြောင်း ကြေညာပေးရန် ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရုံးတော်သို့ လျှောက်တင်ခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အစိုးရချုပ်ကိုင်သည့် ထိုင်းရေနံ အာဏာပိုင်အဖွဲ့(PTT)က ရတနာပိုက်လိုင်း တည်ဆောက်မှုသည် ဥပဒေချိုးဖောက်မှု မရှိကြောင်း ၁၂ မဲ ၁ မဲနှင့် ဆုံးဖြတ်ခဲ့ပြီး PTT အနေဖြင့် ပြည်သူတွေနှင့် နိုင်ငံတော်၏ပိုင်ဆိုင်မှုကို ထိပါးမှုရှိခဲ့ပါက လျော်ကြေးပေးရမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်တွင် ဖော်ပြခဲ့သည်။

ထိုင်းသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးလှုပ်ရှားသူများက ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှုကြောင့် သစ်တောများ ပျက်စီးစေပြီး တောရိုင်းတရိစ္ဆာန်များ ကျက်စားရှင်သန်မှုကို အခက်အခဲဖြစ်စေကြောင်း ဝေဖန်ခဲ့ကြပြီး နိုင်ငံရေးနှင့် လူမှုရေးလှုပ်ရှားသူများကလည်း ပိုက်လိုင်းမှ ရရှိသည့်ဝင်ငွေများဖြင့် တရားဝင်ရွေးကောက်ပွဲဖြင့် ရွေးချယ်ထားသောအစိုးရအား အာဏာလွှဲမပေးသည့် နအဖ စစ်အုပ်စုကို အားပေးရာကျနေကြောင်း၊ နအဖ စစ်အုပ်စုသည် ဓာတ်ငွေ့ပိုက်လိုင်းဖောက်လုပ်ရာတွင် ဒေသခံပြည်သူလူထုအား အတင်းအဓမ္မ ခိုင်းစေနေကြောင်း ဝေဖန်ခဲ့ကြသည်။ ရတနာဓာတ်ငွေ့ပိုက်လိုင်းသည် ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး၊ ၂၀၀၀ ခုနှစ် အောက်တိုဘာလမှစ၍ ထိုင်းနိုင်ငံသို့ ဓာတ်ငွေ့များ စတင်ပေးပို့ခဲ့သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စုတရားရုံးတွင်လည်း ရတနာပိုက်လိုင်း ဖောက်လုပ်ရာတွင် ပါဝင်သည့် ယူနိုကယ်ကုမ္ပဏီကို လူ့အခွင့်အရေးချိုးဖောက်မှုများတွင် တာဝန်ရှိကြောင်း တရားပြန်လည်စွဲဆိုခွင့်ကို ပြီးခဲ့သည့် စက်တင်ဘာလက အမေရိကန် ဗဟိုအယူခံတရားရုံးသို့ မြန်မာလယ်သမားများကိုယ်စား တရားစွဲဆိုထားသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ ❖

# နအဖ မျှော်လင့်သည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအကူအညီ မပေးရန် အမေရိကန်က ဆုံးဖြတ်ချက်ချ

ဒီဇင်ဘာ၊ ၁၉ ရက်

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် အမေရိကန်အစိုးရ၏ အထောက်အပံ့အကူအညီကို ရရန် များစွာမျှော်လင့်အိပ်မက်ခဲ့သည့် နအဖ စစ်အုပ်စုသည် ရက်ပိုင်းအတွင်းမှာပင် ပျက်ပြယ်သွားခဲ့ပြီးဖြစ်ကြောင်းသိရသည်။

လွန်ခဲ့သော ဒီဇင်ဘာလ(၃)ရက်က နအဖစစ်အုပ်စုအာဘော် မြန်မာတိုင်းမ်းဂျာနယ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးတာဝန်ခံ မစ္စတာမင်းမာတီးနဇ်တို့ တွေ့ဆုံမေးမြန်းခန်းတွင် မစ္စမာတီနဇ်က "မြန်မာအစိုးရအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ကောင်းမွန်တဲ့ ဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ပါတယ်"ဟု ပြောကြားသွားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် လက်ရှိရရှိနေသောထောက်ပံ့မှုဖြင့် မလုံလောက်သည်ကို အမေရိကန်အစိုးရက အသိအမှတ်ပြုပါကြောင်း ထည့်သွင်းပြောကြားခဲ့ရာ အဆိုပါသတင်းကို မြန်မာတိုင်းမ်ဂျာနယ်က မျက်နှာဖုံးသတင်းအဖြစ် တခန်းတနားဖော်ပြခဲ့ပြီး နအဖ စစ်အုပ်စုကို မျှော်လင့်မှုများပေးခဲ့သည်။

(မြန်မာတိုင်း(မ်)ဂျာနယ် တွဲ-၅၊ အမှတ် ၉၁၊ ဒီဇင်ဘာ။)

သို့ရာတွင် အမေရိကန်အစိုးရက မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထုတ်လုပ်မှုများပြားနေဆဲဖြစ်သည့်အတွက် မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နှင်းရေး ကူညီထောက်ပံ့ငွေပေးရန် တောင်းခံမှုမပြုနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆုံးဖြတ်ချက်ချခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်ကို နအဖ ဗိုလ်ချုပ်ကြီးများက ကြေညာခဲ့ခြင်းမပြုဘဲ ကမ္ဘာ့အလယ်တွင် နအဖဂုဏ်သိက္ခာတက်ရေးကြေးစားအဖြစ်ဆောင်ရွက်နေသည့် (DCI) ခေါ် အမေရိကန်ကုမ္ပဏီတခုက ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ မကြာသေးမီကပင် အမေရိကန်ဆီးနိတ် အထက်လွှတ်တော်ခေါင်းဆောင်တဦးဖြစ်သူ ရီပတ်ဘလစ်ကင်ပါတီဝင် မစ္စမက်ကောနာက အမေရိကန်အစိုးရအနေဖြင့် နအဖ စစ်အုပ်စုအပေါ် အလျှော့မပေးဘဲ ဆက်လက်ပြီး ခပ်တင်းတင်း ဆက်ဆံရန် လိုအပ်ကြောင်းကို သမတဘုရှ်၏ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် မစ္စကွန်ကွန်ဒိုလ်လီဇာရိုက်စ်ကို စာရေး ပြောကြားခဲ့ကြောင်း၊ ထို့အပြင် အောက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီမှ ဒီမိုကရက်တစ်ပါတီဝင်အမတ်ဖြစ်သူ တွမ်လန်(မ်)တိုစ့်ကလည်း ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးအများဆုံးထုတ်လုပ်နေဆဲဖြစ်သည့် မြန်မာနိုင်ငံအား မူးယစ်ဆေးဝါးထုတ်လုပ်နေသည့်နိုင်ငံများစာရင်းမှာ ပယ်ဖျက်ခဲ့ပါက အမေရိကန်တို့အနေဖြင့် ကြီးစွာသောအမှားကြီးတခုကို ကျူးလွန်ရာရောက်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု အမေရိကန်နိုင်ငံ ဝါရှင်တန်ပို့စ်သတင်းစာတွင် ဒီဇင်ဘာလ(၁၉)ရက်နေ့က ဖော်ပြထားသည်။

ထိုသတင်းတွင် မြန်မာနိုင်ငံသည် မက်တာအက်ဖက်တမင်း စိတ်ကြွဆေးပြားများ တနှစ် အလုံးပေါင်း သန်း(၈၀၀)ခန့်ထွက်နေပြီး စစ်ဗိုလ်ချုပ်ကြီးအချို့သည် မူးယစ်ဆေးဂိုဏ်းဝင်များနှင့် ပေါင်းဖက်ဆက်စပ်နေသည်ကို Time မဂ္ဂဇင်းကလည်း အထောက်အထားများနှင့် ဖော်ပြထားသည်ကို တွေ့ရကြောင်း ရေးသားထားသည်။

❖ ❖ ❖

# ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်နယ်ခရီးစဉ်



ဒီဇင်ဘာလ ညနေ (၄)နာရီတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မကွေးတိုင်း၊ ရေဝတီမြစ် အနောက်ဘက်ကမ်း မင်းဘူးမြို့သို့ ရောက်ရှိခဲ့ကြပြီး ညနေ(၅) နာရီတွင် လူထုဟောပြောပွဲတရပ်ပြုလုပ်ခဲ့ရာ အဖွဲ့ချုပ်ပါတီဝင်များအပါအဝင် ကျောင်းသူ ကျောင်းသားများ၊ ပြည်သူလူထုများ စုစုပေါင်း တထောင်ကျော် တက်ရောက်ခဲ့ကြသည်။ သို့ရာတွင် ဟောပြောပွဲပြုလုပ်ရန် အတွက် အသံချဲ့စက် လိုက်လံငှားရမ်းရာ မြို့နယ်အာဏာပိုင်များ၏ ပိတ်ပင်ထားမှုကြောင့် တမြို့လုံးငှားမရဘဲ ဖြစ်နေသဖြင့် နောက်ဆုံး ဘုန်းကြီးကျောင်းတကျောင်းမှ ကူညီပေးခဲ့ရသည်ဟု သိရသည်။ မင်းဘူးမြို့သို့ ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိလာသည့်သတင်းနှင့် ပတ်သက်၍ အစိုးရဝန်ထမ်းများကြားတွင် မပြောကြားရန်လည်း ဒေသခံအာဏာပိုင်တို့က ပိတ်ပင်ထားသည်ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်က အဆိုပါ ဟောပြောပွဲတွင် ပြည်သူလူထုအနေဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက် တကယ့်စစ်မှန်သည့် အနှစ်သာရကို တန်ဖိုးထားတတ်ရန်၊ သို့မှသာ တိုင်းပြည်နှင့်လူမျိုး ရေရှည်ကောင်းမည်ဟု ပြောကြားခဲ့ပြီး ကိုယ့်အတွက်ချည်း မစဉ်းစားဘဲ၊ အများအတွက် စဉ်းစားပါမှ တိုင်းပြည်အကျိုးရှိမှာဖြစ်ကြောင်း၊ ကိုယ့်အတွက်သာ စဉ်းစားပြီး တကိုယ်ကောင်းဆန်နေကြမည်ဆိုပါက တိုင်းပြည်အတွက် အလားအလာမကောင်းကြောင်း၊ ယခုလည်း မြန်မာပြည်အခြေအနေသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက နှစ်(၂၀–၃၀)ခန့် နောက်ကျနေပြီဖြစ်ကြောင်း၊ တိုင်းပြည်တိုးတက်ရန် ပြည်သူလူထု၏အခန်းကဏ္ဍကို အလေးအနက် ပြောကြားသွားခဲ့သည်ဟု ဟောပြောပွဲ တက်ရောက်ခဲ့သည့် ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်မိုးညိုက ပြန်လည်ပြောကြားခဲ့သည်။ လူငယ်များအရေးနှင့် ပတ်သက်၍လည်း ဒေါ်အောင်ဆန်းစုကြည်က "နောင်အနာဂတ်အတွက် လူငယ်များအနေဖြင့် တိုင်းပြည်ချစ်တတ်ရန်နှင့် နိုင်ငံရေးအသိစိတ် မြင့်မားရန် လိုအပ်ကြောင်း"ကိုလည်း ထည့်သွင်းပြောကြားခဲ့သည်ဟု သိရသည်။

ဒီဇင်ဘာလ၊ ၁၇ ရက်

ရခိုင်ပြည်နယ်ခရီးစဉ် ဒုတိယနေ့အဖြစ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ထိုနေ့ နံနက်ပိုင်း(၇း၀၀)နာရီအချိန်တွင် မင်းဘူးမြို့မှ စတင်ထွက်ခွာခဲ့ပြီး မင်းဘူး–အမ်းလမ်းအတိုင်း မြောက်ဦးမြို့သို့ သွားရောက်မည်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို မင်းဘူးမြို့နယ် အဲန်အယ်လ်ဒီအဖွဲ့ဝင်များက အမ်းမြို့အထိ လိုက်ပါပို့ဆောင်ခဲ့သည်။

အမ်းတွင် အာဏာပိုင်များက (၃)ရက် ကြိုတင်၍ ထမင်းဆိုင်၊ ဈေးဆိုင်၊ ဓါတ်ဆီဆိုင်များ မရောင်းရန် ပိတ်ပင်ထားခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အတွက် အခက်အခဲကြုံတွေ့ခဲ့ရပြီး အမ်းသို့ ည(၁၀)နာရီခန့်မှ ရောက်ရှိလာခဲ့သည်။ အမ်း အဝင်/အထွက် ဂိတ်များ ညနေ(၆)နာရီကျော်လျှင် ပိတ်ရသည့်အတွက် သက်ဆိုင်ရာများနှင့် အချိန်အတန်ကြာညှိနှိုင်းခဲ့ရသေးကြောင်း ဦးလွင်က ရှင်းပြခဲ့သည်။

ဒီဇင်ဘာလ(၁၈)ရက်

ထိုနေ့နံနက် (၃)နာရီလောက်မှ မြို့ဟောင်း(ခ) မြောက်ဦးမြို့သို့ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ရောက်ရှိခဲ့သည်။ မြောက်ဦးမြို့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ပထမဆုံး အဲန်အယ်လ်ဒီမြို့နယ်ရုံးခွဲကို အခက်အခဲအနှောင့်အယှက်များကြားမှ ဆိုင်းဘုတ်တင် ဖွင့်လှစ်ခဲ့သည်။

မြောက်ဦးမြို့သို့ရောက်ရှိစဉ် ပထမပိုင်း၌ မြို့နယ်အာဏာပိုင်များက ပြည်သူလူထုအား ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ရောက်ရှိလာပါက ထွက်၍မကြိုဆိုကြရန် ဟန့်တားပိတ်ပင်ထားသဖြင့် လမ်းများပေါ်တွင် လူသူမရှိဖြစ်နေခဲ့သည်။ အာဏာပိုင်များက မြောက်ဦးမြို့ထဲသို့ မော်တော်ကား၊ လှေ၊ သမ္ပာန်များ မဝင်ရန် ကြိုတင်တားဆီးထားပြီး ရဲ၊ မီးသတ်နှင့်ကြံ့ဖွံ့အဖွဲ့ဝင်များက တမြို့လုံးအနှံ့ စောင့်ကြပ်နေကြရာ ဒေါ်အောင်ဆန်းစုကြည်နှင့် မြို့နယ်စည်းကော်မတီများ တွေ့ဆုံနိုင်ရေးကို တားဆီးထားသဖြင့် အခက်အခဲဖြစ်ခဲ့ပြီးမှ တွေ့ဆုံခဲ့ရကြောင်း အဲန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိသူ ဦးလွင်၏ပြောကြားချက်အရ သိရသည်။



မန္တလေးတိုင်းခရီးစဉ်အတွင်း ပြည်သူများနှင့် ဒေါ်အောင်ဆန်းစုကြည်

သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ မြောက်ဦးမြို့မှ ပြန်လည်ထွက်ခွာချိန်တွင် ပြည်သူလူထုကြီးမှာ ပိတ်ပင်တားဆီးမှုများအား လွန်ဆန်၍ ဒေါ်အောင်ဆန်းစုကြည်ကို နှုတ်ဆက်ရန် ထွက်လာခဲ့ကြရာ မြို့ခံလူထု ငါးသောင်း၊ ခြောက်သောင်းခန့်ထိရှိကြောင်း သိရှိရသည်။ ထိုလူထုကြီးကို မီးသတ်ပိုက်များထိုး၍ ဖြိုခွဲပြီး ရဲများက နံပါတ်တုတ်များဖြင့် ရိုက်နှက်ရန် ကြိုးပမ်းခဲ့သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်က ရဲဝံ့စွာရင်ဆိုင်ဖြေရှင်းခဲ့ရကြောင်း သိရသည်။

မြောက်ဦးမြို့ အဲန်အယ်လ်ဒီရုံး ဆိုင်းဘုတ်တင်ပွဲအပြီး ပြည်သူလူထုနှင့် တွေ့ဆုံခဲ့ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ထိုနေ့ နေ့လည်ပိုင်းတွင် မြောက်ဦးမြို့မှ ထွက်ခွာလာခဲ့ပြီး ကျောက်တော်မြို့သို့ ခရီးဆက်သည်။

ကျောက်တော်မြို့အရောက်တွင်လည်း ကြံ့ဖွတ်အဖွဲ့ဝင်များ၏ နှောင့်ယှက်မှုကို ခံခဲ့ရပြီး၊ ပုဏ္ဏားကျွန်းမြို့တွင် ပုဏ္ဏားကျွန်း ဘုရားဖူးရန် ခွင့်မပြုသည့်အပြင် မြို့ထဲသို့ပင် ဝင်ခွင့်မရရှိခဲ့ကြောင်း သိရှိခဲ့ရာ ကျောက်တော်မြို့ အခြေအနေနှင့်ပတ်သက်၍ ဦးလွင်က ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ကျောက်တော်မြို့သို့ရောက်သည့်အခါ တမြို့လုံး ခြောက်ကပ်နေကြောင်း သို့ရာတွင် လူနှစ်ထောင်၊ သုံးထောင်ခန့်ရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်က အဆိုပါလူထုကို နှုတ်ဆက်စကားပြောဆိုနေချိန်တွင် လူထုထဲသို့ ကားတစီး အတင်းမောင်းဝင်လာပြီး လူစုခွဲရန် ကြိုးစားခဲ့ကြောင်း၊ ထိုလူမှာ ကျောက်တော်မြို့နယ် ကြံ့ဖွတ်အတွင်းရေးမှူး ထွန်းစိန်ဆိုသူဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ကျောက်တော်မြို့မှ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိစဉ် ပုဏ္ဏားကျွန်းဘုရားကို ဝင်ရောက်ဖူးမျှော်ရန် ကြိုးစားခဲ့သော်လည်း မြို့ထဲသို့ ဝင်ခွင့်မရခဲ့ကြောင်း ကျောက်တော်မြို့တွင်းသို့ လွန်ခဲ့သော နှစ်ရက်၊ သုံးရက်မှ ကြိုတင်၍ မည်သည့်ယာဉ်မှ ဝင်ခွင့်မပြုဘဲ ထားခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့တွင်းသို့ မဝင်တော့ဘဲ စစ်တွေမြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ကြရာ ည(၁၀း၃၀) နာရီတွင် စစ်တွေမြို့သို့ ရောက်ရှိလာခဲ့သည်။

ဒီဇင်ဘာလ၊ ၁၉ ရက်

ထိုနေ့နံနက်(၈း၃၀)တွင် ရခိုင်ပြည်နယ် အဖွဲ့ချုပ်ရုံးခွဲနှင့် မြို့နယ်အဖွဲ့ချုပ်ရုံးကို အခက်အခဲများကြားမှ အောင်မြင်စွာ ဆိုင်းဘုတ်တင် ဖွင့်လှစ်နိုင်ခဲ့သည်။ အာဏာပိုင်များ၏ ဟန့်တားနှောင့်ယှက်မှုများကြားမှ ပြည်သူလူထုများ တက်ရောက်လာခဲ့ပုံကို အဖွဲ့ချုပ်ပါတီဝင် မြို့ခံ ဦးသာကျော်က ပြောကြားခဲ့ရာတွင် ဆိုင်းဘုတ်တင်ပွဲသည် စည်စည်ကားကားရှိပြီး အဆင်ပြေပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်သွားလေရာ လမ်းတလျှောက်



ရှမ်းပြည်ခရီးစဉ်အတွင်း ပြည်သူများအား မိန့်ခွန်းပြောကြားနေစဉ်

ကြောင်း၊ ဆိုင်းဘုတ်တင်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည်က လူထုကြီးကို မိန့်ခွန်းပြောကြားရာတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရန်နှင့် မြန်မာတပြည်လုံးအတွက်၊ လူမျိုးစုအားလုံးအတွက် ဒီမိုကရေစီရေး ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် စစ်တွေမြို့ရှိ ဗျိုင်းတောင် ဆံတော်ရှင်ဘုရားနှင့် ရွှေစေတီကျောင်းသို့ သွားရောက်ဖူးမျှော်ခဲ့သည်။ ရွှေစေတီကျောင်းသို့ သွားရောက်ဖူးမျှော်နေစဉ် လူထုတသောင်းကျော်ရောက်ရှိလာခဲ့ရာ ထိုလူစုအား ဖြိုခွဲရန်အတွက် မီးသတ်ကား သုံးလေးစီးရောက်ရှိလာခဲ့သည်။ လူထုကို မီးသတ်ကားများသုံး၍ ဖြိုခွဲရန် ကြိုးစားနေသည့်အတွက် ဒေါ်အောင်ဆန်းစုကြည်က လူထုရှေ့သို့ ထွက်၍ နှုတ်ဆက်မိန့်ခွန်းပြောကြားပြီး အခြေအနေကို ထိန်းသိမ်းလိုက်ရသည်ဟု ဆိုသည်။

ထိုသို့ စစ်တွေမြို့ရှိ ဘုရားပုထိုးစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ဖူးမျှော်စဉ် အာဏာပိုင်များက ဘုန်းတော်ကြီးများအပါအဝင် ဘုရားဂေါပကလူကြီးများအား ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံခြင်းမပြုရန် ပိတ်ပင်ထားကြောင်း သိရသည်။

***ဒီဇင်ဘာလ (၂၀)ရက်***

ထိုနေ့နံနက် (၁း၃၀)တွင် မကွေးတိုင်း၊ ကံမမြို့သို့ရောက်ရှိလာသည်။ ကံမမြို့အဝင် ဟန့်တားနှောင့်ယှက်ခံရပုံနှင့် ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူ ဦးလွင်၏ ပြောကြားချက်အရ –

ပုသိမ်–မုံရွာလမ်းမကြီးအတိုင်း ဆက်လက်ထွက်ခွာလာခဲ့ရာ ကံမမြို့မရောက်မီ နှစ်မိုင်–သုံးမိုင်ခန့်အကွာရှိ ချောင်းကူး တံတားတခုကို ကန့်လန့်ရိုက်ပြီး ပိတ်ထားကြောင်း၊ အကြောင်းပြချက်မှာ တံတားမကောင်း၍ ပြင်ဆင်နေခြင်းကြောင့်ဖြစ်ကြောင်း၊ ဝင်ခွင့်မပေးနိုင်ကြောင်း တံတားဆောက်လုပ်ရေး လုပ်သားများက တားမြစ်ခဲ့သေးသည်ဟု သိရသည်။ သို့ရာတွင် အခြေအတင်ညှိနှိုင်းပြီး ကံမမြို့တွင်းသို့ ဝင်ခွင့်ရခဲ့သည်။

စာမျက်နှာ(၈)ကော်လံ(၁)သို့



ရှမ်းပြည်နယ်အတွင်း ပြည်သူများနှင့် ဒေါ်အောင်ဆန်းစုကြည်